# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် စတင်တည်ထောင်သည်။ Established in 1957


**ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)


၁၃၇၉ ခုနှစ် ဝါဆိုလပြည့် စနေနေ့။ Saturday, 8 July 2017 (၈၉၇၉)


# တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိရှိဆောင်ရွက်ရန်နှင့် အစစ်ဆေးခံနိုင်ရန်လိုကြောင်း နိုင်ငံတော်သမ္မတ ပြောကြား



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်(၂/၂၀၁၇) အစည်းအဝေးကျင်းပစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၇**

ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများကို သေသေချာချာ စဉ်းစားဆုံးဖြတ်ပြီး အမှန်တကယ် ပြည်သူအတွက် အကျိုးဖြစ်ထွန်းနိုင်မည့်လုပ်ငန်းများကို စီမံကိန်းလျာထားချက်နှင့်အညီ ဦးစားပေးအစီအစဉ်ချမှတ်ပြီး အမှန်တကယ် အကောင်အထည်ဖော်ဆောင်နိုင်မည့် လုပ်ငန်းများ၏ အသုံးစရိတ်များကိုသာ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ရေးဆွဲရန်ဖြစ်ကြောင်း ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြောကြားသည်။

နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင်ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်(၂/၂၀၁၇) အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတော်သမ္မတက ဘဏ္ဍာရေးကော်မရှင်(၂/၂၀၁၇) အစည်းအဝေးသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ကိစ္စရပ်များအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ စီမံကိန်းလုပ်ငန်းများသည် လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြောင်းလဲနိုင်သည့်အတွက် မိမိတို့ဆောင်ရွက်ရမည့် စီမံကိန်းများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်ရန်နှင့် ရှေ့လုပ်ငန်းစဉ် စီမံကိန်းရည်မှန်းချက်များနှင့်အညီ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲရန်လိုအပ်ကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းချက်များအတွက် နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework)ကို ရေးဆွဲထားရှိပြီး ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအတွက် အသုံးစရိတ်ဘောင်များကို သတ်မှတ်ပေးကာ ရေးဆွဲနေကြောင်း၊ အလားတူ ပြည်ထောင်စုက တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းကို

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

**အောင်မြင်ရေး၊ လမ်းကြောင်းမှန်ရေး**

စာမျက်နှာ - ၂

**ကမ္ဘာ့အရှည်ဆုံး ပင်လယ်ကူးတံတား၏ ပင်မအဆောက်အအုံ တည်ဆောက်မှုပြီးစီး**

စာမျက်နှာ - ၄

**ဆေးပညာဘာသာရပ်သည် အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေး၊ အရည်အချင်းနှင့် ကြိုးစားအားထုတ်မှုအပေါ်မူတည်၍သာ ရွေးချယ်တက်ရောက်ခွင့်ပြုခြင်းဖြစ်**

ပြည်သူ့လွှတ်တော် စာမျက်နှာ - ၅

**အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ်ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီလုပ်ဆောင်ပေးရန် အဆိုတင်သွင်း**

အမျိုးသားလွှတ်တော် စာမျက်နှာ - ၅






## ကိုယ့်ဝတ္တရား ကိုယ်ကျေပွန်အောင်ထမ်းဆောင်

အစိုးရအရာထမ်း၊ အမှုထမ်းတွေဟာ မိမိတို့အပေါ်ကို တရားသဖြင့်ကျရောက်လာတဲ့ တာဝန်ဝတ္တရားတွေကို လူထုနဲ့တိုင်းပြည်မျက်နှာကို ထောက်ထားပြီး ပြတ်ပြတ်သားသားဆောင်ရွက်စေချင်တယ်။ ဒီလိုမှ ပြတ်ပြတ်သားသားမဆောင်ရွက်ဝံ့ကြရင်လည်း ဆောင်ရွက်ဝံ့တဲ့လူတွေကို နေရာဖယ်ပေးကြစေချင်တယ်။ အစိုးရအမှုထမ်း၊ အရာထမ်းဆိုတာ အမှန်စင်စစ်တော့ ကိုယ့်ဝတ္တရား ကိုယ်ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲ။ ကိုယ့်ဝတ္တရားကိုယ်ကျေပွန်ရင် ဘယ်သူ့မှလည်း ကြောက်ဖို့မလိုဘူး၊ ဘယ်သူကမှလည်း လက်ဖျားနဲ့မှ မတို့နိုင်ဘူးဆိုတာ မှတ်ထားကြပါ။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ရောက်ရှိ



**နေပြည်တော် ဇူလိုင် ၇**

အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ) ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ Admiral Sunil Lanba ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှလေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ ဂါရာလေဆိပ်သို့ ရောက်ရှိကြပြီး အိန္ဒိယတပ်မတော်အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဗာရာဏသီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ထို့နောက် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မိဂဒါဝုန်ဥယျာဉ်မှ ဓမ္မရာဇိကစေတီတော်ကြီးအား လည်းကောင်း၊ ဓမ္မေခစေတီတော်ကြီးသို့လည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် မိဂဒါဝုန်ဥယျာဉ်အနီး သီရိလင်္ကာနိုင်ငံမှ တည်ထားကိုးကွယ်သည့် ခတ်တော်တိုက်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။


ဆက်လက်၍ မြတ်စွာဘုရားရှင်အား ပဉ္စဝဂ္ဂီ ၅ ပါးတို့ ခရီးဦးကြိုသည့်နေရာတွင် အထိမ်းအမှတ်အဖြစ် တည်ထားသည့် ချောက်ခဏ္ဍီစေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗာရာဏသီမြို့အတွင်းရှိ ဆေးဝက်ပါ မြန်မာကျောင်းတိုက်သို့ သွားရောက်ပြီး သံဃာတော်များအား ဝါဆိုသင်္ကန်း၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ဗာရာဏသီရှိ ဆေးဝက်ပါကျောင်းတိုက်တွင် မြန်မာသံဃာတော်များသည် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်မှ စတင်၍ သီတင်းသုံးနေထိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ နယူးဒေလီမြို့တွင်ကျင်းပခဲ့သည့် နဝမအကြိမ် ဒေလီဆွေးနွေးပွဲသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ



**နေပြည်တော် ဇူလိုင် ၇**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဇူလိုင် ၄ ရက်မှ ၅ ရက်အထိ ကျင်းပသည့် နဝမအကြိမ်ဒေလီဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

နဝမအကြိမ်ဒေလီဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန၊ အိန္ဒိယနိုင်ငံ သုတေသနဖောင်ဒေးရှင်း၊ ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာရေးဌာန၊ အိန္ဒိယနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၊ စင်ကာပူနိုင်ငံ အရှေ့တောင်အာရှ လေ့လာရေးဌာနနှင့် SAEA သုတေသနအုပ်စု၊ ဂျကာတာမြို့ အာဆီယံနှင့် အရှေ့အာရှဆိုင်ရာ စီးပွားရေးသုတေသနဌာန၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနနှင့် ဗီယက်နမ်နိုင်ငံ သံတမန်ရေးရာသင်တန်းကျောင်းတို့ ပူးတွဲကျင်းပခဲ့ခြင်း ဖြစ်သည်။

ဒေလီဆွေးနွေးပွဲကို “လာမည့် ၂၅ နှစ်ကာလအတွက် အာဆီယံ-အိန္ဒိယ ဆက်ဆံရေးလုပ်ငန်းစဉ် ရေးဆွဲရေး” ဟူသည့် ဆောင်ပုဒ်ဖြင့်ကျင်းပခဲ့ပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး ရှာရီမာတီ ဆူရှမာ စဝါရက်ဂျ်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဖန်ဘင်မင်းတို့က မိန့်ခွန်းများပြောကြားကြပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် (အရှေ့တိုင်း) ပရိတီဆာရန်၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဟီရူဘာလန် ဗွီပီနှင့် အိန္ဒိယနိုင်ငံ အာသံပြည်နယ်ဝန်ကြီးချုပ် ရှရီ ဆာဘန်နဒ္ဒဆိုနိုဝါ တို့ကလည်း အမှာစကားများ အသီးသီးပြောကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မိန့်ခွန်းပြောကြားရာတွင် ယခု ၂၀၁၇ ခုနှစ်သည် အာဆီယံ-အိန္ဒိယဆွေးနွေးဖက်အဖြစ် မိတ်ဖက်ဆောင်ရွက်မှု ၂၅ နှစ်မြောက်ဖြစ်ခြင်း၊ အာဆီယံ-အိန္ဒိယထိပ်သီးဆွေးနွေးပွဲကျင်းပမှု ၁၅ နှစ်မြောက်ဖြစ်ခြင်း၊ အာဆီယံ-အိန္ဒိယ မဟာဗျူဟာမြောက်ဆက်ဆံရေး ငါးနှစ်မြောက်ဖြစ်ခြင်း၊ အာဆီယံ၏ ထူထောင်မှု နှစ် ၅၀ ပြည့်မြောက်ခြင်းတို့ကြောင့် ထူးခြားသည့်နှစ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အရေးပါသောကဏ္ဍများဖြစ်ကြသည့် နိုင်ငံရေးနှင့်လုံခြုံရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၏ “အရှေ့ဘက်ပူးပေါင်းဆောင်ရွက်မှုမူဝါဒ”ကို မဏ္ဍိုင်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိခြင်းအပေါ် ကြိုဆိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုခိုင်မြဲသော ဆက်ဆံရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေကြောင်းလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်လိုကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် ကိုးလ်ကတ္တားနှင့် စစ်တွေဆိပ်ကမ်းများအား ဆက်နွှယ်ပေးမည့် ကုလားတန်ဘက်စုံပို့ဆောင်ရေးစီမံချက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် အိန္ဒိယနိုင်ငံကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဇူလိုင် ၅ ရက် နံနက် ၁၁ နာရီတွင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး ရှာရီမာတီ ဆူရှမာ စဝါရက်ဂျ်နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ဝန်ကြီးနှစ်ဦးသည် နှစ်နိုင်ငံအကြားကိစ္စရပ်များနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီး မွေးကင်းစကုသဆောင်သို့ ဦးတောက်ထွန်းနှင့် ဒေါ်စုလတ်စန္ဒီမောင် (ကြယ်စင်အားမာန်ကုမ္ပဏီ)က အမေရိကန်ဒေါ်လာ ၆၅၀၀ တန်ဖိုးရှိ အသက်ရှူအထောက်အကူပြု ကိရိယာ (DOLPHIN NASAL CPAP) တစ်လုံးကို ဇူလိုင် ၇ ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာစုစုဒွေးနှင့် ပါမောက္ခ/ဌာနမှူး ဒေါက်တာရဲမြင့်ကျော်တို့က လက်ခံရယူစဉ်။**

(အေးမင်းသူ)

စာအုပ်စာပေ လူ့မိတ်ဆွေ

# အကြမ်းဖက်မှုတိုက်ဖျက်ရေးမှသည် ရာသီဥတုပြောင်းလဲခြင်းအထိ နိုင်ငံတကာ အရေးအရာများကို ဂျီ-၂၀ ခေါင်းဆောင်များဆွေးနွေး

**ဟမ်းဘတ် ဇူလိုင် ၇**

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံ ၂၀ အုပ်စု (ဂျီ-၂၀) ထိပ်သီးညီလာခံကို ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ ဇူလိုင် ၇ ရက်တွင် စတင်ကျင်းပလျက်ရှိကြောင်း အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ ကမ္ဘာ့ကုန်သွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုထိန်းညှိရေး ကိစ္စရပ်များအပါအဝင် နိုင်ငံတကာကိစ္စရပ် အများအပြားကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၇ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ထိပ်တန်း စီးပွားရေးအင်အားကြီးနိုင်ငံများမှ ခေါင်းဆောင်များ၏ နှစ်ရက်ကြာထိပ်သီးညီလာခံ အကြိုကာလတွင် ဂျာမနီနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော ဟမ်းဘတ်မြို့၌ ဆန္ဒပြပွဲများဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများ အဓိကရုဏ်းများ ဖြစ်ပွားခဲ့သဖြင့် ထိပ်သီးညီလာခံကာလအတွင်း လုံခြုံရေးကို အထူးတင်းကျပ်ထားသည်။

ဆန္ဒပြပွဲများအတွင်း အဓိကရုဏ်းများဖြစ်ပွားခဲ့ပြီး နောက်စုဝေးချီတက်မည့် အစီအစဉ်ကို ဆန္ဒပြသူခေါင်းဆောင်များက ပြန်လည်ဖျက်သိမ်းခဲ့သည်။

ရာသီဥတုပြောင်းလဲမှု ထိန်းညှိရေးနှင့်ကမ္ဘာ့ကုန်သွယ်ရေးကိစ္စရပ်များတွင် ကမ္ဘာ့ခေါင်းဆောင်များအတွင်း တစ်စိတ်တစ်ဝမ်းတည်း သဘောတူညီမှုရရှိမည့် အလားအလာမှေးမှိန်နေသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပေးအယူ အညှိအနှိုင်းပြုလုပ်နိုင်မည်ဟု မိမိမျှော်လင့်ကြောင်း ထိပ်သီးညီလာခံ သဘာပတိဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်က ပြောကြားသည်။

ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်များအား ဥပဒေစည်းမျဉ်းများနှင့်အညီ ဖြစ်စေရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ရာသီဥတု ထိန်းညှိရေးတို့မှာ ဆွေးနွေးရန် အကြောင်းရပ်များအနက် အရေးအကြီးဆုံး အကြောင်းအရာများဖြစ်ကြောင်း၊ လွတ်လပ်ခြင်း၊ ဥပဒေနှင့် အညီဆောင်ရွက်ခြင်းနှင့် တရားမျှတခြင်းတို့နှင့် ပြည့်စုံသော ကမ္ဘာ့ကုန်သွယ်ရေးဖြစ်ပေါ်ရေးမှာ အရေးကြီးလှကြောင်း ဝန်ကြီးချုပ်မာကယ်လ်က ပြောကြားသည်။

**ရိုက်တာ။**






# ဂျပန်နိုင်ငံတွင် ရေကြီးရေလျှံမှုများဖြစ်ပွား မင်းသမီးမာကို၏ စေ့စပ်ကြောင်းလမ်းမည့်ရက် ရွှေ့ဆိုင်း

**ကျိုတို ဇူလိုင် ၇**

ဂျပန်မင်းသမီး မာကို၏ စေ့စပ်ကြောင်းလမ်းမည့်ရက် တရားဝင်သတ်မှတ်ထားရှိမှုကို ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဂျပန်ဧကရာဇ်အိမ်တော်ပြောရေးဆိုခွင့်ရှိသူက ယနေ့ပြောကြားခဲ့သည်ဟု အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဂျပန်နိုင်ငံအနောက်တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ မြေပြိုကျမှုများကြောင့် လူအများအပြား ဒုက္ခရောက်နေသည့်အတွက် မင်းသမီး၏ စေ့စပ်ကြောင်းလမ်းသည့်ရက်ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းသမီးမာကိုသည် ဂျပန်အင်ပါယာ အာခီဟီတိုနှင့် မိဖုရားမီချိကိုတို့၏ အကြီးဆုံးမြေးဖြစ်သည်။ သူ၏စေ့စပ်ကြောင်းလမ်းခြင်းအထိမ်းအမှတ်မင်္ဂလာကို ဇူလိုင် ၈ ရက်တွင် ကျင်းပရန် တရားဝင်ရက်သတ်မှတ်ထားသည်။ ထိုသို့ စေ့စပ်ကြောင်းလမ်းမည့်ရက် ပြောင်းရွှေ့ခြင်းနှင့်ပတ်သက်ပြီး မင်းသမီးမာကိုနှင့် သူ၏ကြင်ရာတော်လောင်း ကိုင်ကိုမူရိုတို့အနေဖြင့် သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပနိုင်ဖွယ်ရှိကြောင်း သိရသည်။

နိုင်ငံ၏ အနောက်တောင်ပိုင်းအတွင်းရှိ ကျူးရှူးဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နေချိန်တွင် မင်းသမီး၏ စေ့စပ်ကြောင်းလမ်းခြင်းမင်္ဂလာကို ကျင်းပရန် သင့်တော်မှုမရှိကြောင်း ဧကရာဇ်အိမ်တော် တော်ဝင်မျိုးနွယ်များက ဆိုသည်။

အဆိုပါဒေသတွင် ရေကြီးရေလျှံမှုများနှင့် မြေပြိုကျမှုများကြောင့် လူပေါင်း ၁၁ ဦး သေဆုံးခဲ့ပြီး အများအပြား ပျောက်ဆုံးလျက်ရှိသည်။ ကယ်ဆယ်ရေး လုပ်သားများက လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

မင်းသမီးမာကိုနှင့် ကြင်ယာတော်လောင်း ကိုင်ကိုမူရိုတို့သည် ရာသီဥတုဘေးအန္တရာယ်ကို ဆိုးရွားစွာခံစားနေကြရသည့် ပြည်သူများအတွက် လွန်စွာဝမ်းနည်းလျက်ရှိကြောင်း ဧကရာဇ်အိမ်တော် ပြောရေးဆိုခွင့်ရှိသူများက ဆိုသည်။

ဧကရာဇ်ဘုရင်နှင့် မိဖုရားတို့အပါအဝင် မင်းသမီးမာကို၏ မိဘများက မင်းသမီးမာကိုနှင့် သူ၏ကြင်ယာတော်လောင်းတို့၏ စေ့စပ်ကြောင်းလမ်းမည့်ရက် ရွှေ့ဆိုင်းသတ်မှတ်မှုကို သဘောတူညီပါကြောင်း ဧကရာဇ်အိမ်တော် ပြောရေးဆိုခွင့်ရှိသူများက ပြောကြားခဲ့သည်။

မင်းသမီးမာကို၏ စေ့စပ်ကြောင်းလမ်းမည့်ရက်ကို ထပ်မံရက်သတ်မှတ်မည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# ဆိုင်းနိုင်းဒေသတွင် ကားဗုံးခွဲတိုက်ခိုက်၊ အီဂျစ်စစ်သည် ၁၀ ဦးထက်မနည်း သေဆုံး

**ကိုင်ရို ဇူလိုင် ၇**

ဆိုင်းနိုင်းဒေသမြောက်ပိုင်းရှိ အီဂျစ်စစ်ဘက်လုံခြုံရေးစခန်းတစ်ခုအနီးတွင် ဇူလိုင် ၇ ရက်က ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုနှစ်ကြိမ် ဖြစ်ပွားခဲ့ရာ အီဂျစ်ကြည်းတပ်မှ ဗိုလ်မှူးကြီးတစ်ဦး အပါအဝင် စစ်သည် ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အီဂျစ်လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

အီဂျစ်စစ်ဘက်မှ တပ်ဖွဲ့ဝင်များ လိုက်ပါလာသော မော်တော်ယာဉ်နှစ်စီးသည် လမ်းဘေးထောင်ဗုံးများ ပေါက်ကွဲထိမှန်ခဲ့ကြောင်း၊ ယင်းဖြစ်ရပ်မှာ ဆိုင်းနိုင်းဒေသ၏ နယ်စပ်မြို့ ရာဖာမြို့ပြင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အီဂျစ်လုံခြုံရေးဆိုင်ရာ သတင်းရပ်ကွက်က ပြောကြားသည်။ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကမျှ ၎င်းတို့တွင် တာဝန်ရှိကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူ အီဂျစ်အစိုးရတပ်ဖွဲ့ဝင် ၂၆ ဦးရှိကြောင်း အီဂျစ်စစ်ဘက်က ဇူလိုင် ၇ ရက်နှောင်းပိုင်းတွင် ကြေညာချက်ထုတ်ပြန်ခဲ့သော်လည်း သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရသူများစာရင်းကို ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ ထိခိုက်မှုများအပြီးတွင် အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်သွေးကြွဦးရေ ၄၀ ကို သတ်ဖြတ်ခဲ့ပြီး ၎င်းတို့၏ မော်တော်ယာဉ်ခြောက်စီးကိုလည်း ဖျက်ဆီးခဲ့ကြောင်း စစ်ဘက်ကြေညာချက်တွင် ပြောကြားသည်။

အီဂျစ်အစိုးရ လုံခြုံရေးတပ်ဖွဲ့များက ဆိုင်းနိုင်းမြောက်ပိုင်းတွင် စစ်သွေးကြွများအား တိုက်ခိုက်အောင်နိုင်ခဲ့ပြီး ၎င်းစစ်သွေးကြွများအား ရာဖာမြို့တောင်ပိုင်းသို့ တိုက်ထုတ်နိုင်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

လူဦးရေကျဲပါးသော ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ပိုင်းတွင် အီဂျစ်အစိုးရတပ်ဖွဲ့များသည် အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) က ဦးဆောင်သည့် သောင်းကျန်းသူများ၏ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရသည်။ ၂၀၁၃ ခုနှစ်ကစ၍ လက်ရှိအချိန်အထိ အီဂျစ်စစ်ဘက်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင် ရာပေါင်းများစွာ သေဆုံးခဲ့ရကာ အီဂျစ်စစ်ဘက်က အစ္စလာမ္မစ်ဝါဒီသမ္မတ မိုဟာမက်မော်စီအား သမ္မတရာထူးမှ ဖယ်ရှားခဲ့ပြီးနောက်ပိုင်း ခုခံတွန်းလှန်မှုနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။

**ဆင်ဟွာ။**

■

# ကမ္ဘာ့အရှည်ဆုံး ပင်လယ်ကူးတံတား၏ ပင်မအဆောက်အအုံ တည်ဆောက်မှုပြီးစီး

**ကွမ်ကျိုး ဇူလိုင် ၇**

ဟောင်ကောင် ကျူးဟိုင်နှင့် မကာအိုဒေသတို့ကို ဆက်သွယ်သည့် ကမ္ဘာ့အရှည်လျားဆုံး ပင်လယ်ဖြတ်ကျော်တံတား၏ ပင်မအဆောက်အအုံ တည်ဆောက်မှုသည် ဇူလိုင် ၇ ရက်တွင် ပြီးဆုံးသွားပြီဖြစ်ကြောင်း တံတားတည်ဆောက်သူများက ပြောကြားကြသည်။

တံတားတည်ဆောက်ရန် ခုနစ်နှစ်ကြာမျှ အချိန်ယူခဲ့ရပြီး ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းခန့်တွင် အများပြည်သူတို့ ကူးလူးသွားလာနိုင်ရန် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံခန့်ခွဲမှုဗျူရို ညွှန်ကြားရေးမှူး ကျူယောင်လင်းက ပြောကြားသည်။

ယင်းတံတား၏ ပင်မအဆောက်အအုံမှာ ၂၉ ဒသမ ၆ ကီလိုမီတာ အရှည်ရှိပြီး တံတားလမ်းပိုင်းအရှည် ၂၂ ဒသမ ၉ ကီလိုမီတာ၊ မြေအောက်တူးမြောင်းအရှည် ၆ ဒသမ ၇ ကီလိုမီတာပါဝင်ကြောင်း၊ တံတား၏ စုစုပေါင်းအရှည်မှာ ၅၅ ကီလိုမီတာရှိကြောင်း ကျူကပြောကြားသည်။

အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ ပြဿနာများကို ကျော်လွှားနိုင်ခဲ့ပြီဖြစ်ပြီး လအနည်းငယ်ကာလအတွင်း အများပြည်သူတို့သွားလာရန် တံတားကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း ကျူက ပြောကြားသည်။

အင်္ဂလိပ်အက္ခရာ Y ပုံသဏ္ဌာန်ရှိသည့် အဆိုပါ တံတားသည် ဟောင်ကောင်နှင့် ကျူးဟိုင်ဒေသအကြား ယခင်က ခရီးသွားလာရချိန် ၃ နာရီရှိခဲ့ရာမှ မိနစ် ၃၀ မျှသာ ရှိတော့မည်ဖြစ်ကြောင်း၊ ပုလဲမြစ်ဝကျွန်းပေါ်ရှိ အခြားမြို့ကြီးများနှင့်လည်း လွယ်ကူစွာကူးလူးသွားလာနိုင်မည်ဖြစ်ကြောင်း တံတားစီမံခန့်ခွဲရေးဗျူရို ကွန်မြူနစ်ပါတီလက်ထောက်အတွင်းရေးမှူး ဝေတုန်းကျင်က ပြောကြားသည်။

ပင်လယ်ဖြတ်ကျော် တံတားသည် ကွမ်တုန်-ဟောင်ကောင်-မကာအို မဟာပင်လယ်အော် ဧရိယာဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပေးမည်ဖြစ်ကြောင်း ဝေကပြောကြားသည်။

**ဆင်ဟွာ။**



# ဆေးပညာဘာသာရပ်သည် အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေး၊ အရည်အချင်းနှင့် ကြိုးစားအားထုတ်မှုအပေါ် မူတည်၍သာ ရွေးချယ်တက်ရောက်ခွင့်ပြုခြင်းဖြစ်

**နေပြည်တော် ဇူလိုင် ၇**

ဆေးတက္ကသိုလ်ဝင်ခွင့်သတ်မှတ်ရာတွင် ကျောင်းသူများ၏ အမှတ်များကို ကျောင်းသားများ၏ အမှတ်များထက် ပိုမိုမြင့်မားအောင် ကန့်သတ်ထားခြင်းမရှိပါကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာအဆင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးနောက် ဆေးတက္ကသိုလ်ဝင်ခွင့်သတ်မှတ်ရာတွင် ကျောင်းသားအချိုးနှင့် ကျောင်းသူအချိုးကို ၅၀ အချိုး ၅၀ သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ ဆေးတက္ကသိုလ်ဝင်ခွင့် သတ်မှတ်ရာတွင် ကျား၊ မ အချိုး ၅၀ ရာခိုင်နှုန်း အချိုးတူညီစွာ သတ်မှတ်ထားခြင်းကို လတ်တလောပြင်ဆင်ရန် အစီအစဉ်မရှိကြောင်း ရှင်းလင်းသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း မေးမြန်းသည့် **ဆေးတက္ကသိုလ်ဝင်ခွင့် သတ်မှတ်ရာတွင် ကျောင်းသူများ၏ ဝင်ခွင့်အမှတ်မှာ ကျောင်းသားများထက် မြင့်မားနေပါသဖြင့် ကန့်သတ်ချက်အား ပယ်ဖျက်ပေးရန်** အစီအစဉ်ရှိ၊ မရှိ မေးခွန်းအား ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ထိုသို့ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဆေးတက္ကသိုလ်များသို့ တက်ရောက်ပညာသင်ကြားခွင့်ပြုခြင်းနှင့်ပတ်သက်၍ ၁၉၆၄ ခုနှစ်မှစတင်ပြီး အခြေခံပညာအထက်တန်းစာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူများကို ရမှတ်အလိုက်အခြေခံ၍ ဆေးတက္ကသိုလ်များ၌ ပညာသင်ကြားခွင့်ပြုခဲ့ပါကြောင်း၊ ၁၉၉၉ ခုနှစ်ထိ ကျား၊ မ အချိုးခွဲခြားမှုမရှိဘဲ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ စုစုပေါင်းရမှတ်အပေါ် မူတည်ပြီး ဆေးတက္ကသိုလ်များသို့ ဝင်ရောက်ပညာသင်ကြားခွင့်ပြုခဲ့ပါကြောင်း၊ ထိုသို့ ကျား၊ မ အချိုးသတ်မှတ်ချက်မရှိဘဲ အမှတ်အရသာ ဝင်ခွင့်ပြုခဲ့ခြင်းကြောင့် ဝင်ခွင့်ရရှိသူများတွင် အမျိုးသမီးဦးရေ ပိုမိုများပြားပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူများတွင် အမျိုးသမီးဆရာဝန်ဦးရေ ပိုမိုများပြားနေပါကြောင်း၊ အမျိုးသားဆရာဝန်ဦးရေ နည်းပါးနေခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် နေရာချထားရာ၌ အထူးသဖြင့် ဝေးလံခက်ခဲသောဒေသများသို့ တာဝန်ချထားရန် အခက်အခဲများစွာ ရှိခဲ့ပါကြောင်း။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ကျင်းပစဉ်။

၁၉၉၉ ခုနှစ်အထိ ကျား၊ မ အချိုးခွဲခြားမှုမရှိဘဲ ဆေးတက္ကသိုလ်များတွင် ပညာသင်ကြားခွင့်ပြုခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်ကစတင်ပြီး အမျိုးသား ၆၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၀ ရာခိုင်နှုန်း အချိုးဖြင့် ပြန်လည်ပြင်ဆင်သတ်မှတ်ခဲ့ပါကြောင်း၊ အမျိုးသား ၆၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၀ ရာခိုင်နှုန်း ခွဲတမ်းသတ်မှတ်၍ ဆေးတက္ကသိုလ်ဝင်ခွင့်ပြုခြင်းကြောင့် မိန်းကလေးများ၏ ဆေးတက္ကသိုလ်ဝင်ခွင့် အနိမ့်ဆုံးရမှတ်နှင့် ယောကျ်ားလေးများ၏ ဆေးတက္ကသိုလ်ဝင်ခွင့် အနိမ့်ဆုံးရမှတ် ကွာဟချက်သည် အမှတ် ၃၀ ခန့်အထိရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၁၂ ခုနှစ်မှစ၍ ယခုအချိန်အထိ ဆေးတက္ကသိုလ်များသို့ အမျိုးသား ၅၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၀ ရာခိုင်နှုန်း အချိုးတူညီစွာဖြင့် ဝင်ခွင့်ပြုခဲ့ပါကြောင်း။

နိုင်ငံ့ဝန်ထမ်း ဆရာဝန်များအနက် ၂၀ ရာခိုင်နှုန်းမှာ အမျိုးသားဖြစ်ပြီး ၈၀ ရာခိုင်နှုန်းခန့်မှာ အမျိုးသမီးများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ဆေးတက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရာတွင် ကျားနှင့် မ အချိုးကို တန်းတူထိန်းညှိထားနိုင်မှသာ နောင်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်မည့် အမျိုးသား၊ အမျိုးသမီး အချိုးမျှတမှုရှိမည်ဖြစ်ပြီး ဝေးလံခေါင်ဖျားဒေသများသို့ တာဝန်ပေးစေလွှတ်ရာတွင် အဆင်ပြေနိုင်မည်ဖြစ်ပါကြောင်း၊ ဆေးပညာဘာသာရပ်သည် အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ရပ်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေး၊ အရည်အချင်းနှင့် ကြိုးစားအားထုတ်မှုအပေါ် မူတည်၍သာ ရွေးချယ်တက်ရောက် ခွင့်ပြုခြင်းဖြစ်ပါကြောင်း၊ နောင်တွင် နိုင်ငံတော်၏ ကျန်းမာရေးလိုအပ်ချက်အပေါ် မူတည်၍ ကျား၊ မ အချိုး ကန့်သတ်ထားခြင်းကို ပြန်လည်စဉ်းစားမည်ဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။

ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်၏ **ဟုမ္မလင်းမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ တွင် တည်ဆောက်ရန် ဘတ်ဂျက်ကျသည့်ကျောင်းများအား ကျေးရွာကော်မတီက ဆောက်လုပ်ခွင့်တောင်းခံပါက ချထားပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာဦးစီးဌာနကရရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအားလုံးကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အပ်နှံပြီးဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ခွင့်ပြုပြီးဘတ်ဂျက်များကို ကျေးရွာကော်မတီများက ဆောက်လုပ်ခွင့်ရရှိလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ သဘောထားမှတ်ချက် တင်ပြတောင်းခံပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်၊ သဘောထားမှတ်ချက်နှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၊ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၊ ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးတို့၏ ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းမှုတွင် အမှုရှုံးနိမ့်သူက အနိုင်ရသူအား စရိတ်ငွေကျပ် ၁၅ သိန်းပေးရေး၊ ကျောင်းအဆင့်တိုးမြှင့်ပေးရေး၊ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရေး၊ သနပ်ပင်မြို့နယ်အတွင်းရှိ ကျောင်းများကို အဆင့်မြှင့်တိုးမြှင့်ပေးရေးနှင့် ဆရာ၊ ဆရာမများ ထပ်မံခန့်ထားပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့ ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီတို့၏ နှစ်ပတ်လည်အစီရင်ခံစာများ ဖတ်ကြားတင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော "တာတမံဥပဒေကြမ်း" ကို လက်ခံရရှိကြောင်း အသိပေးတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ အေးအေးသန့်(သတင်းစဉ်)**

# အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ်ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီလုပ်ဆောင်ပေးရန် အဆိုတင်သွင်း

**နေပြည်တော် ဇူလိုင် ၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းနှင့် အဆိုတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၏ **ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာအုပ်စု မုပ္ပလင်ကျေးရွာတွင် လုပ်ကိုင်နေသည့် တော်ဝင်ရိုးမကုမ္ပဏီ၏ ကျောက်ခွဲစက်ကြီးမှ ပျံ့လွင့်နေသည့် ကျောက်မှုန့်များကြောင့် ပတ်ဝန်းကျင်ရှိ မူလကတည်းက လုပ်ကိုင်နေခဲ့ကြသော စိုက်ပျိုးရေးခြံများကို ထိခိုက်နေမှု၊ မူလကတည်းက သီတင်းသုံးနေထိုင်ခဲ့သည့် ဘုန်းတော်ကြီးကျောင်း ငါးကျောင်းထက်မနည်း ထိခိုက်နေမှုများနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မုပ္ပလင်ကျေးရွာတွင် လုပ်ကိုင်နေသည့် တော်ဝင်ရိုးမကုမ္ပဏီ၏ ကျောက်ခွဲစက်ကြီးမှ ပျံ့လွင့်လာသော ကျောက်မှုန့်များကြောင့် ပတ်ဝန်းကျင်ထိခိုက်နေမှုများနှင့်စပ်လျဉ်း၍ စိစစ်ဆောင်ရွက်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ တော်ဝင်ရိုးမကျောက်ခွဲစက်လုပ်ငန်းသည် ရန်ကုန်-မော်လမြိုင် ကားလမ်းမကြီးဘေးတွင်ရှိ၍ လူနေအိမ်ရပ်ကွက်များနှင့် နီးကပ်ပြီး သာသနာရေး အဆောက်အအုံများလည်း ရှိပါကြောင်း။

ထို့ပြင် ယခင်လုပ်ငန်းစတင်တည်ဆောက်ချိန်က လုပ်ငန်းပမာဏနည်းပါးသော်လည်း စစ်ဆေးချိန်တွင် လုပ်ငန်းပမာဏကြီးမား၍ အသံဆူညံမှုရှိခြင်း၊ ကျောက်မှုန့်များပျံ့လွင့်ကာ ပတ်ဝန်းကျင်ရှိ အဆောက်အအုံများကို ညစ်ညမ်းမှုဖြစ်ခြင်း၊ အနီးရှိ ၂၃၀ ကေဗွီအေ ဓာတ်အားလိုင်းသို့ ကျောက်မှုန့်များကပ်ငြိ၍ ဓာတ်အားစနစ်ကို ထိခိုက်နိုင်ခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခုနေရာတွင် ကျောက်ကြိတ်ခွဲခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုဘဲ ကျောက်ထုတ်လုပ်ရေးစခန်း၌ ကြိတ်ခွဲသင့်ကြောင်း စစ်ဆေးမှုရလဒ်များကို မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ပါကြောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့က ကျန်ရှိသည့် ကျောက်ကျင်း ၅၀၀ ကုန်သည်အထိ ရက်ကန့်သတ်၍ ကြိတ်ခွဲပြီးပါက ရပ်ဆိုင်းထားရန်နှင့် ကြိတ်ခွဲပြီးစီးမှုအခြေအနေကို ပြန်လည်တင်ပြရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP)ရေးဆွဲပြီးမှ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှု ရှိ၊ မရှိ ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ကွင်းဆင်းစစ်ဆေးရန်နှင့် မလွတ်ကင်းပါက အပြီးသတ်ပြောင်းရွှေ့ရန် ဆုံးဖြတ်ဆောင်ရွက်ထားရှိပါကြောင်း ဖြေကြားသည်။



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးအောင်သိန်း



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိန်းလွင်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **ရှေးခေတ်အဆက်ဆက် ရေလမ်းခရီးဖြင့် သွားလာရန်လွယ်ကူခဲ့သော ပေါက်တောမြို့နယ်အတွင်းရှိ ရွာချောင်းကြီးချောင်း တိမ်ကောလာမှုကို ယခင်ကဲ့သို့ ရေလမ်းခရီးဖြင့် သွားလာရေးလွယ်ကူစေရန် ရွာချောင်းကြီးချောင်းအား တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇ ခုနှစ် မတ်လ ၁၃ ရက်တွင် ကွင်းဆင်းတိုင်းတာစစ်ဆေးမှုများအရ တိမ်ကောနေသည့် ရွာချောင်းကြီးအထက်ကျော်ရွှင်ကျေးရွာအောက်ဘက် (ပြေင်တောင်ကျေးရွာ ကမ်းပိုင်း)မှ သိမ်တောင်မော်ကျေးရွာအထိ အလျား နှစ်မိုင်ခန့်ကို တူးဖော်ပေးနိုင်ပါက ရေစီးရေလာကောင်းမွန်ပြီး ပေါက်တောမြို့မှ ပုဏ္ဏားကျွန်းမြို့နယ် ကစ္ဆပနဒီမြစ်ကြောင်းအထိ အလျားမိုင် ၂၀ ခန့်ကို ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အသေးစိတ် တိုင်းတာတွက်ချက်မှုများဆောင်ရွက်ပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် **ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုသည်။


ဆက်လက်၍ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**အား အတည်ပြုပေးရန် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက လွှတ်တော်သို့ အဆိုတင်သွင်းရာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်လှဋ္ဌေး(ခ) ဒေါ်အုန်းကြည်က ထောက်ခံဆွေးနွေးပြီး လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ယနေ့ မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း (Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center)ဟု သဏ္ဌာန်ဆောင်အမည်ပြု၍ ပြည်ပမှတင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ်လောင်းကစားနည်းမျိုးစုံပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့်ဂိမ်း (Game)ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့ ရတက်မအေးစိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြပါသည်။ ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီလုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်းက လွှတ်တော်သို့တင်သွင်းရာ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးသိန်းလွင်က ထောက်ခံဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ဇူလိုင် ၁၀ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**



# ဝါဆိုလပြည့်အခါသမယ၌ ဟောကြားတော်မူအပ်သော “သဘာဝပတ်ဝန်းကျင်နှင့် လူ့ဘောင်အသိုင်းအဝိုင်းဆိုင်ရာ သဟဇာတဖြစ်စေရေး” ဗုဒ္ဓ၏မိန့်ကြားချက်

အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဘဒ္ဒန္တ ဒေါက်တာဓမ္မသာမိ (DPhil, Oxford)
တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်တည်ထောင်သူ
ဗုဒ္ဓစာပေလေ့လာသင်ကြားရေးဌာန အောက်စဖို့ဒ်တက္ကသိုလ်

**မြန်မာလူမျိုးတို့၏ အခေါ်အဝေါ်အားဖြင့် ဝါဆိုလပြည့်၊ တစ်နည်းအားဖြင့် ဇူလိုင်လ၏ လပြည့်အခါသမယသည် ဗုဒ္ဓဘာသာဝင်တို့၏ ပြက္ခဒိန်တွင် ယနေ့ခေတ်တိုင် အထွတ်အမြတ်ထားကြသည့် နေ့တစ်နေ့ပင်ဖြစ်သည်။ အကြောင်းမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၂၆၀၅ ခုနှစ်၏ ဤနေ့တွင် ဗုဒ္ဓမြတ်စွာက တရားဦးဓမ္မစကြာကို ဟောကြားခဲ့ခြင်းဖြင့် တရားဓမ္မတို့ကို စတင်ဖြန့်ဝေတော်မူခဲ့ရုံမျှမက ဤလပြည့်နေ့သည် ထေရဝါဒ သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့အတွက် သတ်မှတ်ထားသည့် ဝါတွင်းကာလသုံးလ၏ အစလည်းဖြစ်ပြန်သောကြောင့်ပင် ဖြစ်သည်။**

ဗုဒ္ဓဂါယာရှိ ဗောဓိပင်အောက်တွင် သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိတော်မူပြီး နှစ်လအကြာ ပါဠိဘာသာဖြင့် ‘အာသဠ’ ဟုခေါ်ဝေါ်သည့် ဇူလိုင်(ဝါဆို)လ၏ လပြည့်ကာလတွင် ဘုရားရှင်သည် ဗာရာဏသီမြို့အနီးရှိ မိဂဒါဝုန်တောသို့ ကြွချီတော်မူလာပြီးများမကြာမီက ရှာဖွေတွေ့ရှိ သိမြင်ခဲ့သည့် ဆင်းရဲဒုက္ခအပေါင်းကို လွန်မြောက်စေနိုင်သည့် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ယခင်အတူ တရားကျင့်ဖော်ငါးဦးတို့အား ချက်ချင်းပင် စတင်ဟောကြားတော်မူခဲ့သည်။ ထိုမဇ္ဈိမပဋိပဒါလမ်းစဉ်သည် ထိုခေတ်ကာလက အိန္ဒိယနိုင်ငံတွင် ရေပန်းစားလျက်ရှိသော ထာဝရမြဲသည်ဟူသည့် ‘သဿတဝါဒ’၊ ယခုဘဝ သေပြီးလျှင် ဘဝပြတ်သည်ဟူသည့် ‘ဥစ္ဆေဒဝါဒ’ တစ်နည်းအားဖြင့် မိမိကိုယ်ကို ဆင်းရဲပင်ပန်းစေသည့် ‘အတ္တကိလမထ’ အကျင့်၊ ကာမဂုဏ်အပျော်အပါး အလွန်အကြူးလိုက်စားသည့် ‘ကာမသုခလ္လိကာနုယောဂ’ အကျင့်တို့ကို ရှောင်ရှားရန်အတွက် ရွေးချယ်စရာ အယူဝါဒတစ်ခု ဖြစ်ခဲ့သည်။ ဤကဲ့သို့ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်အယူဝါဒကျင့်စဉ်တို့သည် မပြောင်းလဲတတ်ဟုဆိုသော ရုပ်လွန်ပညာ (metaphysical) နှင့် ရုပ်တရားပေါ် မှီတည်သည့် (physical) အတ္တတည်ရှိမှုအပေါ် အခြေခံလျက်ရှိကြောင်း ဗုဒ္ဓမြတ်စွာက သိမြင်တော်မူသည်။ ဘုရားရှင်၏ ကျင့်စဉ်သည်ကား မဂ္ဂင်ရှစ်ပါးအပေါ် အခြေခံ၍ မိမိတို့၏ နေ့စဉ်ဘဝအတွေ့အကြုံတို့သည် ရုပ်၊ နာမ်ဓမ္မတို့၏ ဖြစ်စဉ်မျှသာဖြစ်ပြီး အခြေခံသဘောတရားအားဖြင့် အကြောင်းတရားနှင့် အကျိုးတရားတို့၏ အပြန်အလှန် မှီတည်နေမှုသာရှိသဖြင့် ဖန်ဆင်းရှင်ဘုရားသခင်(သို့မဟုတ်)လျှို့ဝှက်ဆန်းကြယ်သည့် ပဟေဠိဆန်သည့် ထာဝရတည်ရှိနေသူမရှိကြောင်းကို ရှင်းလင်းဟောကြားတော်မူခဲ့သည်။ သစ္စာလေးပါးအနေဖြင့် ဟောကြားခဲ့သည့် ဗုဒ္ဓ၏အလယ်အလတ်လမ်းစဉ်သည် လူသားတို့၏ အဆင့်အတန်းကို လောကမှလွန်မြောက်သည့် အမြင့်ဆုံးလောကုတ္တရာအဆင့်သို့ မြှင့်တင်ပေးပြီး တစ်ချိန်တည်းမှာပင် လူသားအားလုံး၏ စိတ်ပျော်ရွှင်မှုနှင့် စိတ်ဆင်းရဲမှုတို့သည် မိမိတို့လက်တွင်ရှိသဖြင့် မိမိတွင် အပြည့်အဝတာဝန်ရှိကြောင်းကိုလည်း ရှင်းလင်းပြတော်မူခဲ့သည်။

## ဓမ္မစကြာဒေသနာ

ဘုရားရှင်၏တရားဦးသည် သစ္စဒေသနာတည်းဟူသော တရားစက်ဝန်းကို စတင်လှည့်လည် အလုပ်လုပ်စေခြင်းဖြစ်သဖြင့် “ဓမ္မစကြာဒေသနာ”ဟု တင်စားခေါ်ဝေါ်ခြင်းဖြစ်သည်။ သစ္စာလေးပါးတရားတော်၏ အဓိကကျသည့် ကိုင်တွယ်နည်းသည်ကား မိမိတို့ဘဝတွင် ကြုံတွေ့ရသည့် စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာပင်ပန်းမှုတို့ကို ရင်ဆိုင်တိုက်ခိုက်ခြင်း၊ ထိုအဆင်မပြေမှုတို့မှ ထွက်ပြေးခြင်းမပြုဘဲ ထိုဆင်းရဲဒုက္ခ အခက်အခဲတို့ကို လက်ခံအသိအမှတ်ပြုခြင်းဖြင့် ရင်ဆိုင်ပြီး တည်ငြိမ်စွာဆင်ခြင်သုံးသပ်ခြင်းပင် ဖြစ်သည်။ ဤကဲ့သို့ဉာဏ်ပညာဖြင့် ဆင်ခြင်သုံးသပ်ခြင်းဖြင့် မိမိတို့နေ့စဉ်ဘဝတွင် အနှောင့်အယှက်ဖြစ်စေသည့် အရာများကို ရှင်းလင်းစွာသိမြင်သဘောပေါက်နားလည်လာနိုင်မည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တည်ငြိမ်မှုသမာဓိနှင့် မိမိတို့အတွေ့အကြုံ အခြေခံနားလည်မှုမှရရှိသည့် အတွေ့အကြုံစွမ်းရည်တို့ကြောင့် လူသားတို့အနေဖြင့် ထိန်းချုပ်မှုကင်းမဲ့သည့် စိတ်ခံစားမှုအရိုင်းများကို ကိုင်တွယ်ဖြေရှင်းနိုင်ပြီး မှန်ကန်သည့်ဆုံးဖြတ်ချက်တို့ကို ပြုလုပ်နိုင်ခြင်းကြောင့် ဖြစ်သည်။ ထိုသို့ တရားဦးဓမ္မစကြာမှရရှိသော စွမ်းရည်ထက်မြက်သည့် အသိဉာဏ်တို့သည် လောကတွင် မလွှဲမရှောင်သာ တွေ့ကြုံရမည့် ဆင်းရဲဒုက္ခတို့ကို လျှော့ချနိုင်ခြင်းနှင့် ဝါသနာစရိုက်ကြောင့် မလိုလားအပ်ဘဲ ဖန်တီးမိသော ထိုဆင်းရဲမှုကို လွန်မြောက်စေနိုင်ရန် စိတ်ဓာတ်ခွန်အားနှင့် အထောက်အကူပြုနည်းလမ်း ရရှိစေနိုင်သည်။

## လူသားတို့ကောင်းကျိုးကိုဆောင်

တရားဦးဓမ္မစကြာဟူသော တရားခေါင်းစီးတွင် ပါရှိသည့်အတိုင်း ပါဠိဘာသာဖြင့် စက္က၊ သက္ကတ ဘာသာဖြင့် ‘စကြာ’ ဟုခေါ်ဝေါ်သည့် ‘စက်ဝန်း (သို့) စက်ဘီး’ မှာ မြတ်စွာဘုရားရှင်၏ တရားဓမ္မတို့ကို ရှင်းလင်းဟောပြောပြသရာ၌ တင်စားခေါ်ဝေါ်ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့်ဆိုသော် ‘စက်ဘီး’ ကို သယ်ယူပို့ဆောင်ရေး၏ အမှတ်သင်္ကေတအဖြစ် အသုံးပြုကြပြီး မြတ်စွာဘုရားရှင်အနေဖြင့်လည်း မိမိ၏ တရားတော်ကို ပြဿနာပဟေဠိမှ အဖြေမှန်သို့၊ စိတ်ဖိစီးမှုများသောဘဝမှ စိတ်ဖိစီးမှုကင်းသောဘဝသို့၊ အနှောင်အဖွဲ့မှ နှောင်ကြိုးကင်းမဲ့လွတ်မြောက်ရာသို့၊ အဖန်ဖန်နှိပ်စက်တတ်သော ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာနိဗ္ဗာန်သို့ သယ်ယူပို့ဆောင်ပေးခြင်းဖြင့် လူသားတို့ကောင်းကျိုးကိုဆောင်သည့် အဓိပ္ပာယ်ကို ဖော်ဆောင်သည်။ ‘စက်ဘီး’ ဟူသော ဝေါဟာရကိုအမှန်စင်စစ်ဆန်းစစ်ကြည့်လျှင် အမြင့်ရှုထောင့် သုံးမျိုးကို ကိုယ်စားပြုထားကြောင်း တွေ့ရှိနိုင်သည်။

(၁) သစ္စာလေးပါးကို သိမြင်ခြင်းဖြင့် ဆင်းရဲဒုက္ခတို့ကို လွန်မြောက်နိုင်ခြင်း (လေးထောင့်စက်ဝိုင်း)



(၂) မဂ္ဂင်ရှစ်ပါးဟူသော အလယ်အလတ်လမ်းစဉ်ကို ပြီးပြည့်စုံအောင် လိုက်နာကျင့်သုံးခြင်းဖြင့် စိတ်ဖိစီးမှုကင်းသည့်ဘဝ သို့တည်းမဟုတ် လွတ်မြောက်မှုဟူသည့်အဖြေကို ရှာဖွေတွေ့ရှိစေနိုင်ခြင်း (ရှစ်ထောင့်စက်ဝိုင်း)



(၃) ပြောင်းလဲနိုင်စွမ်းရှိသည့် အသိဉာဏ်ပညာကို ကိုယ်စားပြုသည့် အကန့်ထောက် ၁၂ ခုဖြင့် သင်္ကေတပြုထားပြီး ရှုထောင့် ၁၂ မျိုးမှ သုံးသပ်နိုင်သည့် ထိုးထွင်းသိမြင်ခြင်းတို့ဖြစ်ပါသည်။



ထိုရှုထောင့် ၁၂ မျိုးသည် ထိုးထွင်းသိမြင်မှုအတွက် အမှန်ကျင့်စဉ်များကို ကိုယ်စားပြုထည့်သွင်းထားရာ ပြဿနာအခက်အခဲကို အမှန်အတိုင်းသိမြင်ခြင်း (သစ္စဉာဏ်)၊ ထိုပြဿနာအတွက် အဖြေရှာရန် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို သိခြင်း(ကိစ္စဉာဏ်)၊ ထိုပြဿနာကို အောင်မြင်စွာအဖြေရှာနိုင်ခြင်းကို မှန်ကန်ကြောင်း အတည်ပြုနိုင်ခြင်း(ကတဉာဏ်)တို့ ပါဝင်သည်။ သစ္စာလေးပါးတွင် တစ်ပါးချင်းစီ၌ ဤအဆင့်သုံးမျိုးစီရှိသဖြင့် တတိယစက်ဝန်း၌ အကန့် ၁၂ ခုပါဝင်ကာ ပထမ၌လေးခု၊ ဒုတိယ၌ ရှစ်ခုအသီးသီးစီရှိကြသည်။ ထိုသင်္ကေတအားလုံးက ကိုယ်စားပြုထားသည့် တူညီသောအချက်မှာ ထိုစက်ဝန်းတို့ကို လည်ပတ်စေမည်ဆိုပါက ဘဝ၏ပြဿနာအခက်အခဲတို့ကို ရင်ဆိုင်ဖြေရှင်းရာတွင် မိမိတွင်ရှိသည့် သမာဓိနှင့်ပညာစွမ်းအားတို့ကို အသုံးချနိုင်ခြင်းပင်ဖြစ်သည်။ ဆင်းရဲဒုက္ခနှင့် ထိုဆင်းရဲချုပ်ငြိမ်းရာနိရောဓကိုရှာဖွေရာတွင် ဤကဲ့သို့ကရုဏာပြည့်ဝပြီး လက်တွေ့ကျသည့် ဘုရားရှင်၏ မိန့်ကြားချက်သည် ဘုရားရှင် ၄၅ ဝါကာလပတ်လုံး အဆင့်အလွှာမျိုးစုံမှ လူပုဂ္ဂိုလ်အားလုံးကို ရှင်းလင်းဟောကြားရာတွင် အဓိကကျပေသည်။ ဥပမာအားဖြင့်ဆိုသော် ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်များအနေဖြင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော အကြောင်းများဖြစ်သည့် ကံတရား၊ ဒါန၊ သီလ၊ ဝိနည်းတရားတော်၊ ဝိပဿနာနှင့် အဘိဓမ္မာတရားတော်တို့သည် အထက်၌ဖော်ပြခဲ့သည့် ဤအဓိကကျသည့် မိန့်ကြားချက်ကိုသာ ရှင်းလင်းဖော်ဆောင်သော အဆုံးအမကျင့်စဉ်များ ဖြစ်သည်။ လူသားတို့ ရင်ဆိုင်ကြုံတွေ့ရသည့် ဆင်းရဲဒုက္ခ၏အဖြေကိုရှာခြင်းသည် ဗုဒ္ဓမြတ်စွာ၏ တရားတော်တို့တွင် လူ့ကျင့်ဝတ်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အရေးပါမှုများပါဝင်သည်။ အထက်ပါ ဆွေးနွေးချက်သည် ကံတရားကို နားလည်သဘောပေါက်ခြင်းကို လုံးဝပြောင်းလဲတော်လှန်ပစ်လိုက်ခြင်း၏ သာဓကပင်ဖြစ်သည်။ ဘုရားရှင် မပွင့်ပေါ်မီက ကံတရားကို ရိုးရာထုံးတမ်းဓလေ့ယတြာတစ်ခုအဖြစ်သာ နားလည်လက်ခံခဲ့ကြသည်။ ဘုရားရှင်က ‘ကံတရားကို မိမိ၏ စိတ်စေတနာ အလျောက်ပြုလုပ်ခြင်း’ဟု အဓိပ္ပာယ်အသစ်ပြန်လည်ဖွင့်ဆိုရှင်းလင်းဟောကြားခဲ့သည့်အတွက် လူတိုင်းမိမိပြုလုပ်သည့် ကံတရားနှင့် ဆက်စပ်နေသည့် စာရိတ္တဆိုင်ရာ၊ ကျင့်ဝတ်ဆိုင်ရာအပြုအမူတို့ကို ထိန်းချုပ်စေနိုင်ခဲ့သည်။ ထိုသို့ မိမိပြုသည့်အမှုကိစ္စများအတွက် မိမိသာတာဝန်ရှိကြောင်းကို သိရှိစေခြင်းဖြင့် ဤကမ္မဝါဒသည် လူသားအားလုံးအတွက် လူမှုရေးဆိုင်ရာလွတ်မြောက်မှုတို့ကို ဖော်ဆောင်ပေးခဲ့သည်။ ဥပမာဆောင်ရသော် အိန္ဒိယနိုင်ငံတွင် ထိုခေတ်အခါက ဇာတ်မြင့်များဖြစ်သည့် ပုဏ္ဏားတို့၏ မိမိဘဝအပေါ် လွှမ်းမိုးဩဇာပေးမှုတို့မှ လွတ်မြောက်စေခဲ့သည်။

## ဓမ္မစကြာနေ့

ထိုကဲ့သို့ ထူးမြတ်လှသည့် တရားဦးဓမ္မစကြာကို အလေးဂရုပြုသည့်အနေဖြင့် မြန်မာနိုင်ငံတွင် ဤဝါဆိုလပြည့်ကို ဓမ္မစကြာနေ့အဖြစ် တရားဝင်အသိအမှတ်ပြုခဲ့ကြပြီး အစိုးရဌာနများနှင့်ကျောင်းများ ပိတ်ရက်အဖြစ် သတ်မှတ်ခဲ့သည်။ ထိုနေ့ထူးနေ့မြတ်တွင် နိုင်ငံတစ်ဝန်းရှိ ဘုရားကျောင်းကန် စေတီပုထိုးများ၊ တရားရိပ်သာများတွင် အဖြူရောင်အင်္ကျီ၊ အညိုရောင်လုံချည်ဝတ်ဆင်ထားပြီး မြတ်ဗုဒ္ဓ၏ တရားဦးဓမ္မစကြာကို နှုတ်လုံးသွင်းဆင်ခြင်ခြင်း၊ တရားအားထုတ်ခြင်းပြုကြသည့် သူတော်စင်များဖြင့် ပြည့်နှက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့အတူပင် ထိုင်းနိုင်ငံတွင်လည်း ၁၈၅၄ ခုနှစ်မှ ၁၈၆၈ ခုနှစ်အထိ အုပ်စိုးခဲ့သည့် မွန်ကွတ်ဘုရင် (King Mongkut)လက်ထက်မှစ၍ ဝါဆိုလပြည့်ကို ပါဠိဘာသာဖြင့် ‘အာသဠှပူဇာနေ့’ အဖြစ် တရားဝင်သတ်မှတ်ခဲ့သည်။ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ဗုဒ္ဓဘာသာဝင်တို့သည် ဘုန်းကြီးကျောင်းများ၌ စုဝေးကြပြီး နေ့စဉ်စောင့်ထိန်းကြသည့် ငါးပါးသီလအစား ရှစ်ပါးသီလဥပုသ်ကို စောင့်ထိန်းကြခြင်း၊ ဓမ္မစကြာနှင့်စပ်လျဉ်းသည့် တရားဓမ္မများနာကြားကြခြင်း၊ လှူဖွယ်ဝတ္ထုများဆက်ကပ်ကြခြင်း၊ အထူးအားဖြင့် ‘တင်းခေါက့်ဖန်ဆာ’ (tien-khao-phansa) ဟု ထိုင်းဘာသာဖြင့်ခေါ်ဆိုသည့် ဝါတွင်းကာလအတွက် ဖယောင်းတိုင်စသည်တို့ကို လှူဒါန်းခြင်းပြုကြသည်။ လာအိုနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များသည်လည်း ထိုင်းဗုဒ္ဓဘာသာဝင်များနည်းတူ ဝါဆိုဓလေ့ကို ဖော်ဆောင်ရာတွင် ဝါဆိုအတွက် ဖယောင်းတိုင်များကို ဘုရားကျောင်းကန်များသို့ လူစုလူဝေးဖြင့် စီတန်းလှည့်လည်ပို့ဆောင်ကြသည်ကို လေ့လာတွေ့ရှိရသည်။

သီရိလင်္ကာနိုင်ငံ၌လည်း ‘ဧဆာလပိုယာ’ (Esala Poya) ဟုခေါ်သည့် ဤဝါဆိုလပြည့်နေ့တွင် နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းရှိသည့် ဗုဒ္ဓဘာသာဝင်တို့သည် တရားဦးဟောကြားသည့်နေ့အဖြစ်သာမက အရိဋ္ဌမင်းသားနှင့်တကွ နိုင်ငံသား ၅၅ ဦးတို့ ရဟန်းပြုကြသည့် သီရိလင်္ကာနိုင်ငံ၏ ပထမဆုံးသော ဥပသမ္ပဒါနေ့ အထိမ်းအမှတ်အဖြစ် အဖြူရောင်ဝတ်စုံများဆင်မြန်းကာ ဤနေ့ထူးနေ့မြတ်ကို ပူဇော်ကြသည်။ ဤနေ့သည် လွန်စွာထူးမြတ်လှသည့်အတွက် ဘီစီ ၁၆၁ ခုနှစ်မှ ၁၃၇ ခုနှစ်အထိ နန်းစံခဲ့သည့် ဒုဋ္ဌဂါမဏိမင်းလက်ထက်တွင် ‘မဟာစေတီဘွဲ့ခံ ရုဝံဝေလိစေတီ’၏ အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ပြီး

**စာမျက်နှာ ၇ သို့ ❖**

◆ စာမျက်နှာ ၆ မှ

စေတီတည်ပြီးသည့်အခါ၌လည်း ဝါဆိုလပြည့်နေ့၌သာ ဗုဒ္ဓဓာတ်တော်တို့ကို ဌာပနာခဲ့သည်။ ယနေ့ခေတ်တွင်လည်း နာမည်ကျော်ကြားလှသည့် စွယ်တော်လှည့်လည်ပူဇော်ခံပွဲကို ဤဝါဆိုလပြည့်နေ့တွင် ကန္ဒီမြို့၌ ကျင်းပဆဲဖြစ်သည်။

ဤဝါဆိုလပြည့်၏ ထူးမြတ်သောအခြားအချက်တစ်ခုမှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဝါတွင်းသုံးလကာလ၏ အဦးအစဖြစ်ခြင်းသည် ရဟန်းသံဃာများအတွက်သာမက လူပုဂ္ဂိုလ်များအတွက်ပါ သမိုင်းကြောင်းအရ များစွာအရေးပါလှပေသည်။ သို့သော် ဤဓလေ့သည် မြတ်စွာဘုရားရှင်မှစ၍ စတင်တီထွင်ချမှတ်ခဲ့ခြင်းမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်နှင့် ဗုဒ္ဓဘာသာဝင်များနှင့် အခြားဘာသာဝင်ဖြစ်သည့် လူအများစုကြား လိုက်လျောညီထွေသဟဇာတဖြစ်စေရန်အတွက် လက်ခံကျင့်သုံးခဲ့သည့်ဓလေ့ဟုဆိုပါက တချို့သောပုဂ္ဂိုလ်များ အံ့ဩဖွယ်ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ဘုရားရှင်ကိုယ်တော်တိုင် လမ်းညွှန်ဟောပြောပြသခဲ့သည့် ဝိပဿနာအခြေခံသည့် မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ကို ငါးရက်တိုင်တိုင် အပြင်းအထန်အားထုတ်ခဲ့ပြီး အရိယာအဖြစ်သို့ရောက်ရှိခဲ့သည့် ပဉ္စဝဂ္ဂီငါးဦးနှင့်တကွ ဘုရားရှင်ကိုယ်တော်တိုင် ဝါတွင်းသုံးလပတ်လုံး မိဂဒါဝုန်တော၌ ပထမဝါဆိုခဲ့သည်မှာ မှန်သော်လည်း နောက်ပိုင်းအချိန်ကာလတစ်ခုတိုင် သံဃာအများလိုက်နာကျင့်သုံးသည့် ဝိနည်းစည်းကမ်းတစ်ခုမဖြစ်ခဲ့ပါ။

**ဝါဆိုဝါကပ်ခြင်း**

လယ်သမားတို့ထံမှ မကျေမနပ်ဖြစ်ကာ တိုင်ကြားမှုများကို ကြားနာရမှသာ ဤဝါဆိုခြင်းကို ဝိနည်းစည်းကမ်းတစ်ခုအဖြစ် ဘုရားရှင်က ချမှတ်တော်မူခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ အခြားဘာသာဝင် ရသေ့ပရိဗိုဇ်တို့သည်ပင် ထိုမိုးအခါကာလတွင် တစ်နေရာတည်း၌ နေထိုင်ကြသော်လည်း ဘုရားရှင်၏ တပည့်ရဟန်းများမှာ ထိုမိုးတွင်းကာလ၌ ခရီးသွားလာကြသည့်အတွက် လယ်သမားတို့စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများပျက်စီးပြီး ပိုးမွှားများလည်း သေကျေကြသည်ဟု တိုင်ကြားကြသောကြောင့် ဖြစ်သည်။ ဤနေရာ၌ ဘုရားရှင်ချမှတ်ခဲ့သည့် ဝါဆိုဝါကပ်ခြင်းဟူသည့် ရဟန်းတော်တို့ လိုက်နာကျင့်သုံးရမည့် သိက္ခာပုဒ်ကို ချမှတ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူများ၏အယူအဆကို ထည့်သွင်းစဉ်းစားခဲ့သည့်အချက်မှာ မှတ်သားဖွယ်ကောင်းလှသည်။ ဝါဆိုဝါကပ်ခြင်းအလေ့သည် သဘာဝပတ်ဝန်းကျင်နှင့် လူ့ဘောင်အသိုင်းအဝိုင်းအကြား လိုက်လျောညီထွေမှုဖြစ်ရေးကို ဖော်ဆောင်သည့် သင်္ကေတပင်ဖြစ်သည်။

**ဝိနည်းစည်းကမ်းတစ်ခု**

တစ်နည်းအားဖြင့်ဆိုသော် ဗုဒ္ဓဘာသာနှင့်စပ်လျဉ်း၍ဆိုရလျှင် ဝါဆိုခြင်းဓလေ့သည် ဘာသာရေးဆိုင်ရာ အကြောင်းတစ်ရပ်ကို အခြေခံ၍ ပေါက်ဖွားလာသည့် မူလစိတ်ကူးမဟုတ်သော်လည်း ဗုဒ္ဓဘာသာ ရဟန်းတော်တို့အတွက် လိုက်နာကျင့်သုံးရမည့် ဝိနည်းစည်းကမ်းတစ်ခုအဖြစ် ချမှတ်လိုက်သည့်အခါ အထက်တွင် ဖော်ပြခဲ့သည့် ပတ်ဝန်းကျင်နှင့် လူ့ဘောင်ဆိုင်ရာအကျိုးရလဒ်များသာမက ဘာသာရေးဆိုင်ရာ အကျိုးအမြတ်များကိုလည်း ရရှိစေသည်။ ထိုအကျိုးတရားတို့သည် ဆရာဒကာတို့အကြား အပြန်အလှန်အကျိုးပြုလျက်ရှိသည်။ ပထမပြဆိုခဲ့သည့် အကြောင်းကြောင့် ပြင်းထန်သည့်ရာသီဥတုများတွင် ခရီးသွားလာမှုမှဖြစ်ပေါ်လာသည့် အခက်အခဲများကို လျော့ပါးစေခြင်း၊ နေရာတစ်ခု၌ အချိန်ကာလတစ်ခုကြာ အတူတကွနေထိုင်ရခြင်းကြောင့် သီတင်းသုံးဖော်သံဃာတို့ကြား ရင်းနှီးမှုရစေခြင်း၊ ရဟန်းတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်တို့၏လိုအပ်ချက်ကို သိရှိရသဖြင့် အနီး၌နေထိုင်သော ဒါယကာ၊ ဒါယိကာမများထံမှ ဝါဆိုသင်္ကန်း၊ ဝါဆိုဝတ်စုံ စသည့်ပစ္စည်းလေးပါး အထောက်အပံ့တို့ကို ရရှိစေနိုင်ခြင်း စသည့်အကျိုးတို့ကို ရရှိစေသည်။ အလှူရှင်များအနေဖြင့်လည်း မိမိတို့နေထိုင်ရာဒေသအနီး၌ သီတင်းသုံးနေထိုင်သည့် သာသနာ့ဝန်ထမ်းများထံမှ တရားဓမ္မတို့ကို ကြားနာရသဖြင့် မိမိတို့ဘဝတွင် ရင်ဆိုင်တွေ့ကြုံရသည့် အခက်အခဲတို့ကို တရားသဘောဖြင့် ဖြေရှင်းနိုင်စေသည့် တွေးခေါ်မြော်မြင်မှု အကျိုးတရားတို့ကို ရရှိစေသည်။ ဤဝါဆိုဝါကပ်သည့် ဓလေ့အပေါ် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အနေဖြင့်လည်း များစွာအလေးဂရုပြုရကား ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံအများစု၌ ထိမ်းမြားမင်္ဂလာဆောင်ခြင်းအမှုကိစ္စတို့ကိုလည်း ဝါတွင်းကာလအတွင်း၌ ရှောင်ကြဉ်ကြသည်။

**ပြယုဂ်ကောင်းတစ်ခု**

ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့ရှိ ကျောင်းများတွင် ဘုရားရှင်၏ဘဝဖြစ်တော်စဉ်များတွင် နောက်ဆုံးဘဝကို မှတ်တမ်းတင်ထားသည့် ထိုင်းဘာသာဖြင့် 'ဒက်စ်မဟာချတ်' (des mahachat) ဟု ခေါ်ဝေါ်သည့် ဝေဿန္တရာဇာတ်ကို ရွတ်ဖတ်ပူဇော်သည့် ဓလေ့ရှိကြသည်။ မြန်မာနိုင်ငံတွင် ဇူလိုင်လကို ရဟန်းသံဃာတို့ ဝါဆိုဝါကပ်သည့်အတွက် 'ဝါဆို'လဟု လူသိများကြသည်။ ဤဝါဆိုသည့်ဓလေ့သည် လူ့ဘောင်အသိုင်းအဝိုင်း လိုက်လျောညီထွေဖြစ်မှုနှင့် ဘာသာရေးဆိုင်ရာ အကျိုးဖြစ်ထွန်းမှုတို့အကြား ဟန်ချက်ညီစေရေးအတွက် လိုအပ်ချက်တစ်ရပ်အဖြစ် လိုက်နာရန် ဘုရားရှင်၏ ဉာဏ်ပညာကြီးမားစွာဖြင့် ဆုံးဖြတ်ခဲ့သည့် ပြယုဂ်ကောင်းတစ်ခု ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့် တရားဦးဓမ္မစကြာဟောတော်မူခြင်းနှင့် ဝါတွင်းကာလ၏ အဦးအစဖြစ်ခြင်းစသည့် အထင်ကရအကြောင်းနှစ်ရပ်တို့အပြင် အလောင်းတော်သိဒ္ဓတ္ထမင်းသားလေး မယ်တော်မာယာ ဝမ်းကြာတိုက်၌ ပဋိသန္ဓေယူခဲ့ခြင်း၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူပြီး (၇)ဝါမြောက်ကာလတွင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာတော်မြတ်ကို စတင်ဟောကြားတော်မူခဲ့ခြင်း၊ သာဝတ္ထိပြည်၌ ပရိဗိုဇ်တို့၏မာန်ကိုချိုးနှိမ်ရန်အတွက် အဘိဉာဏ်စွမ်းအားဖြင့် ရေမီးအစုံတန်ခိုးပြာဋိဟာကိုပြတော်မူခဲ့ခြင်း၊ ပရိနိဗ္ဗာန်ပြုပြီး (၃)လအကြာ တရားတော်တို့ကို အမျိုးအစားခွဲခြားမှတ်တမ်းတင်ရန် ပထမသင်္ဂါယနာတင်ခဲ့ခြင်းဟူသည့် အကြောင်းတရားများကြောင့် ဝါဆိုလပြည့်နေ့သည် အထူးမှတ်သားဖွယ်ကောင်းလှသည်။

**စိန်ခေါ်မှုများ**

ဤနေရာ၌ မှတ်သားသင့်သည့်အချက်မှာ ဝါတွင်းကာလတွင် ဝါဆိုဝါကပ်ခြင်းဓလေ့သည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတို့၏ မုတ်သုံရာသီနှင့် ဆက်နွယ်လျက်ရှိပြီး လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်က ဗုဒ္ဓဘာသာအခြေခိုင်ခဲ့သည့် ဥရောပတိုက်နှင့် အမေရိကနိုင်ငံတို့တွင် ဇူလိုင်လနှင့် စက်တင်ဘာလတို့သည် အားလပ်ရက်ရှည်ပေးပြီး အစိုးရလုပ်ငန်းများကို နားနားနေနေလုပ်ကိုင်သည့် နွေရာသီကာလဖြစ်သည်။ သာဓကပြရသော် အင်္ဂလန်နိုင်ငံတွင် ဇူလိုင်(၂၀)ရက်မှ စက်တင်ဘာ (၅)ရက်အထိသည် ပါလီမန်၏ နွေရာသီအားလပ်ရက်ရှည်ဖြစ်သည်။ ဤအခြေအနေကွာဟမှုသည် နိုင်ငံတကာ ဗုဒ္ဓသာသနာပြုရဟန်းတော်များအတွက် စိန်ခေါ်မှုများဖြစ်သည်။

ဝါတွင်း(၃)လကာလပတ်လုံး တစ်နေရာတည်းတွင် သီတင်းသုံးနေရသည့် ပညတ်ချက်သည် အနောက်နိုင်ငံများတွင် သီတင်းသုံးနေထိုင်သော ရဟန်းတော်တို့အတွက် အကျပ်ရိုက်ဖွယ်ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘုရားရှင်ပညတ်ခဲ့သည့် ဝါဆိုမှုဓလေ့သည် တပည့်သားရဟန်းသံဃာများအတွက် ဆုပေးဒဏ်ပေးစနစ်ဖြစ်သည်။ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့တွင် ဝါဆိုဝါကပ်ပြီး အပြစ်အာပတ်သင့်ဖွယ်အမှုတို့ကိုပြုခဲ့သော် မိမိအပြစ်ကို ထောက်ပြဝေဖန်ရန် ဝါတွင်းကုန်ဆုံးသည့်ကာလတွင် သံဃာအားဖိတ်ကြားပဝါရဏာပြုသည့်ရဟန်းသံဃာတို့သည် ကထိန်အာနိသင်ကို ခံစားခွင့်ရရှိသည်။ အကယ်၍အရပ်တစ်ပါး၌ ဝါကပ်သောရဟန်းသည်(၇)ရက်ထက်ကျော်လွန်၍ မိမိဝါဆိုသောကျောင်းသို့ ပြန်လည်ရောက်ရှိရန် ပျက်ကွက်ခဲ့ပါက အလှူရှင်များရှိသော်လည်း ကထိန်သင်္ကန်းကို အလှူခံနိုင်ခြင်းဟူသည့် ကထိန်အာနိသင်ကို ခံစားခွင့်မရှိတော့ပေ။ ဒုတိယဝါကပ်သော ရဟန်းသည်လည်း ကထိန်အာနိသင်ကို ခံစားခွင့်မရှိပေ။

ဥရောပနိုင်ငံများနှင့် မြောက်အမေရိကန်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင်တို့သည် နွေရာသီအားလပ်ရက်များတွင် တရားစခန်းများဖွင့်လှစ်ခြင်း၊ ညီလာခံများ ကျင်းပခြင်းတို့ကို ကျင်းပလေ့ရှိရာ ဖိတ်ကြားခံရသည့် ရဟန်းတော်များအနေဖြင့် ဝါဆိုဝါကပ်ရသည့် ဝိနည်းစည်းကမ်းသတ်မှတ်ချက်များရှိသော်လည်း မကြာခဏခရီးသွားလာကြရသည်။ အကယ်၍ ရဟန်းတော်များသည် မိမိသီတင်းသုံးနေထိုင်ရာမှ အခြားနိုင်ငံသို့ ခရီးသွားလာခြင်းမပြုပါက အနောက်နိုင်ငံရှိ ရဟန်းတော်များအတွက် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘောင်ခတ်ထားသကဲ့သို့ဖြစ်သည်။ အနောက်နိုင်ငံသား ရဟန်းတော်အချို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုမပါဘဲ အလျင်စလို စီမံဆောင်ရွက်ခြင်းပြုသည်ကိုလည်း တွေ့ရှိရသည်။ အကြောင်းမှာ အကယ်၍ ပြည်ပခရီးထွက်ခွာသည့်အခါတိုင်း အချိန်တစ်ပတ်ထက်ကျော်လွန်ပါက ဝိနည်းကိုချိုးဖောက်ရာရောက်သည့်အတွက် ကထိန်သင်္ကန်း အလှူခံခွင့်မသင့်ပေ။ ထို့ကြောင့် ကထိန်သင်္ကန်းကို အလှူခံမည့်ရဟန်းသည် ခရီးသွားလာခြင်း မပြုသင့်ပေ။

**အလေးအမြတ်ပြု**

အနောက်နိုင်ငံရှိ ရဟန်းတော်တို့သည် ဝါတွင်းကာလခရီးသွားသည့်အတွက် ကထိန်အာနိသင် မရရှိမည်ကို သိရှိသော်လည်း ပြည်ပသာသနာပြုခရီးကြွချီတော်မူလေ့ရှိကြသည်။ အခြားတစ်ဖက်တွင် ထိုဒေသရှိ ရဟန်းတော်များ လိုက်နာကျင့်သုံးသည်ကို ဥပမာပြရလျှင် အင်္ဂလန်နိုင်ငံ အမရဝတီကျောင်းရှိ သံဃာများသည် ဆောင်းရာသီတွင်(၂)လ အပြည့်တရားအားထုတ်လေ့ရှိသည်။ ဝိနည်းပိဋကတ်တော်လာ မူလချမှတ်ထားသည့် ဝိနည်းစည်းကမ်းအရ တရားမျှတစွာအုပ်ချုပ်သည့်မင်း၏ တောင်းပန်လျှောက်ထားချက်အရ နွေရာသီကာလတွင် ဝါကပ်သကဲ့သို့ ဆိတ်ငြိမ်ရာအရပ်၌ (၃)လသီတင်းသုံးနေထိုင်ရန် ဘုရားရှင်က ခွင့်ချက်အနေဖြင့် ခွင့်ပြုခဲ့ခြင်းအပေါ် အခြေခံ၍ ဆုံးဖြတ်ခြင်းဖြစ်သည်။ ဤကဲ့သို့ စိန်ခေါ်မှုများရှိသော်လည်း ယနေ့ခေတ်ကာလတိုင်အောင် ထေရဝါဒဗုဒ္ဓသာသာဝင်တို့အကြား ဝါတွင်း(၃)လ ဝါဆိုဝါကပ်သည့်ဓလေ့ကို အလေးအမြတ်ပြု လိုက်နာဆောင်ရွက်နေကြဆဲဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**(ဆရာလေး ဒေါက်တာ ယုဇနဉာဏီ နှင့် ဒေါက်တာနိမလတို့ အင်္ဂလိပ်မှ မြန်မာသို့ ဘာသာပြန်ဆိုသည်)**

## ဝါဆိုခြင်းဓလေ့သည် ဘာသာရေးဆိုင်ရာအကြောင်းတစ်ရပ်ကို အခြေခံ၍ ပေါက်ဖွားလာသည့် မူလစိတ်ကူးမဟုတ်သော်လည်း ဗုဒ္ဓဘာသာရဟန်းတော်တို့အတွက် လိုက်နာကျင့်သုံးရမည့် ဝိနည်းစည်းကမ်းတစ်ခုအဖြစ် ချမှတ်လိုက်သည့်အခါ အထက်တွင်ဖော်ပြခဲ့သည့် ပတ်ဝန်းကျင်နှင့် လူ့ဘောင်ဆိုင်ရာအကျိုးရလဒ်များသာမက ဘာသာရေးဆိုင်ရာ အကျိုးအမြတ်များကိုလည်း ရရှိစေသည်။

## သံအမတ်ကြီး ဦးမြင့်ဆွေအား ဂါနာသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဂါနာသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## "ရင်သားကင်ဆာ ဂရုပြုပါ၊ မိမိကိုယ်ကို ဂရုစိုက်ပါ" ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၇**

"၂၀၁၇ ခုနှစ် အရှေ့တောင်အာရှဒေသဆိုင်ရာ ရင်သားကင်ဆာဆွေးနွေးပွဲ" ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း၊ ပန်းရောင်နှင်းဆီ ရင်သားကင်ဆာစောင့်ရှောက်သူများအဖွဲ့က ကြီးမှူးကျင်းပမည့် "ရင်သားကင်ဆာ ဂရုပြုပါ၊ မိမိကိုယ်ကို ဂရုစိုက်ပါ" ဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီ မှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံမှ ရင်သားကင်ဆာအထူးပြုဆေးဆရာဝန်ကြီးများ၊ ပညာရှင်များနှင့်အတူ ရင်သားကင်ဆာရောဂါ ဆွေးနွေးခြင်း၊ မိမိရင်သား မိမိစမ်းသပ်နည်းသင်ပြခြင်း၊ ရင်သားကင်ဆာ ကုသအောင်မြင်ထားသူများနှင့် မြန်မာ့ရိုးရာ ထုတ်ဆီးတိုးယှဉ်ပြိုင်ခြင်းစသည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြသည်။ ဆွေးနွေးပွဲနှင့် ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း ဖုန်း-၀၉၇၃၁၅၄၉၇၄၊ အီးမေးလ် htun-rose@ gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အာဆီယံ တိရစ္ဆာန်ဆေးကုစေတနာ့ဝန်ထမ်းစီမံကိန်း-၂၀၁၇ လက်တွေ့ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၇**

တိရစ္ဆာန်ဆေးကုပညာရပ်များ ပိုမိုတိုးတက်လာစေရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံ တိရစ္ဆာန်ဆေးကုစေတနာ့ဝန်ထမ်းစီမံကိန်း-၂၀၁၇ ကို အာဆီယံနိုင်ငံများအပါအဝင် ဂျပန်၊ အမေရိကန်၊ ကနေဒါ၊ ပြင်သစ်၊ အင်္ဂလန် စသည့်နိုင်ငံများမှ ကျောင်းသားကျောင်းသူ ၅၆ ဦးပါဝင်သည့် တက္ကသိုလ်ကျောင်းသားကျောင်းသူများအဖွဲ့သည် ဇူလိုင် ၁ ရက်မှ ၉ ရက်အထိ မြန်မာနိုင်ငံသို့လာရောက်၍ တိရစ္ဆာန်ဆေးကုအစီအစဉ်ကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ယင်းသို့ ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ ရွာငါးရွာသို့ သွားရောက်ခဲ့ကာ လက်တွေ့ဆောင်ရွက်မှုများလုပ်ဆောင်ခဲ့ပြီး ၎င်းတို့နိုင်ငံတွင် ကြုံတွေ့ခဲ့သည့်အတွေ့အကြုံများနှင့် မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့သည့် အတွေ့အကြုံများကို ဇူလိုင် ၇ ရက်တွင် ရေဆင်းတက္ကသိုလ်နယ်မြေ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ပြန်လည်ဆွေးနွေးတင်ပြခြင်းများ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သည့် အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကုအစီအစဉ်-၂၀၁၇ တွင် အခြားနိုင်ငံများမှ ကျောင်းသားကျောင်းသူ ၅၆ ဦးနှင့် မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများအပါအဝင် စုစုပေါင်း ၇၅ ဦးအထိ ပါဝင်ဆောင်ရွက်ခဲ့သည်။

တိရစ္ဆာန်ဆေးကုစေတနာ့ဝန်ထမ်းစီမံကိန်းကို ၂၀၁၃ ခုနှစ်ကတည်းက ထိုင်းနိုင်ငံရှိ Kasetsart University က အာဆီယံနိုင်ငံများမှ ကျောင်းသားကျောင်းသူများကိုဖိတ်ခေါ်ကာ စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ စလုပ်သည့်နှစ်တွင်မြန်မာနိုင်ငံမှ တက္ကသိုလ်က နှစ်ဦးစေလွှတ်ပြီး ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် တို့တွင် နှစ်ဦးစီစေလွှတ်ခဲ့ကြောင်း သိရသည်။ **(နိုင်လင်းကြည်၊ ကိုမင်း)**

## ပြည်တွင်းရေးရာ

ရှေ့ဖုံးမှ

မေခရိုစီးပွားရေးညွှန်ကိန်းများ အသုံးပြု၍ သတ်မှတ်ပေးနေကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ကလည်း စိစစ်ပြီး လျှော့ချအတည်ပြုခဲ့ကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွင်း မိမိတို့ကောက်ခံရမည့် ရငွေများကို လျာထားချက်အတိုင်း ပြည့်မီအောင် ကောက်ခံရန်၊ အသုံးစရိတ်များကိုလည်း ခွဲဝေချထားပေးသည့်အတိုင်း အလေအလွင့်မရှိ ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိရှိဆောင်ရွက်ရန်နှင့် အစစ်ဆေးခံနိုင်ရန် မှာကြားလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့်လည်း မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်ကြသည့် လုပ်ငန်းများသည် အခြားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ထပ်နေခြင်းမရှိရန်၊ အတူတကွ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များရှိပါက တာဝန်ယူဆောင်ရွက်မည့် ဝန်ကြီးဌာနနှင့် နှီးနွှယ်ဝန်ကြီးဌာနများက တတ်နိုင်သမျှ ညှိနှိုင်းဆောင်ရွက်ရန် မှာကြားလိုကြောင်း။

ထိုနည်းတူ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရက ဆောင်ရွက်ရမည့် လုပ်ငန်းများသည်လည်း ပြည်ထောင်စုဝန်ကြီးဌာနက ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ထပ်နေခြင်းမရှိအောင် အထူးသတိပြုရန် မှာကြားလိုကြောင်း၊ သို့မှသာ ခွဲဝေချထားပေးသည့် ဘတ်ဂျက်မှာ အကျိုးရှိပြီး အလေအလွင့်မရှိမည် ဖြစ်ကြောင်း။

နိုင်ငံတကာတွင် ဘဏ္ဍာရေးနှစ်(၃)မျိုး ကျင့်သုံးနေသည်ကို တွေ့ရကြောင်း၊ ပြက္ခဒိန်နှစ်အတိုင်း သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်၊ ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်ထိ သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်တို့ ဖြစ်ကြောင်း။

လက်ရှိ မြန်မာနိုင်ငံတွင် ကျင့်သုံးနေသည့် ဘဏ္ဍာရေးနှစ်မှာ ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်ထိ ဖြစ်ကြောင်း၊ ဘဏ္ဍာနှစ်သည် ဧပြီ ၁ ရက်တွင် စတင်သည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းအချို့သည် မိုးရာသီတွင် ဆောင်ရွက်ရသည့်အတွက် အခက်အခဲရှိစေနိုင်ကြောင်း၊ ပြက္ခဒိန်နှစ်ဆိုလျှင်လည်း ဘဏ္ဍာနှစ်သည် ဇန်နဝါရီလတွင် စတင်ခြင်းဖြစ်သည့်အတွက် Project များကို လုပ်ကိုင်ရန်၊ ဆွေးနွေးရန်၊ တင်ဒါခေါ်ရန်၊ တင်ဒါခေါ်ပြီးသည့်နောက် မိုးရာသီနှင့် တိုက်ရိုက်တန်းတွေ့သည့်အခါ အလုပ်မလုပ်နိုင်ဘဲ လေးလ လောက် ကုန်ဆုံးသွားသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေကြောင်း။

ပြက္ခဒိန်နှစ်နှင့်ယှဉ်လျှင် အောက်တိုဘာ-စက်တင်ဘာဘဏ္ဍာနှစ်သည် ပို၍ဆီလျော်သည့် အပိုင်းဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် တစ်ဆက်တစ်စပ်တည်း လုပ်ကိုင်ရမည့်ပွင့်လင်းရာသီသည် ကာလအရှည်ဆုံးဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေနိုင်သော်လည်း စတင်ဆောင်ရွက်သည့်အချိန်တွင် လက်ရှိကျင့်သုံးနေသည့် ဘဏ္ဍာနှစ်နှင့် ပြင်ဆင်သတ်မှတ်လိုက်သည့် ဘဏ္ဍာနှစ်တို့၏ ကာလအပိုင်းအခြား သတ်မှတ်ချက်မတူညီသဖြင့် စာရင်းပြုစုရာတွင် အနည်းငယ် အခက်အခဲရှိစေမည့်အပြင် မေခရိုစီးပွားရေးညွှန်ကိန်းများ တွက်ချက်ရာတွင်လည်း ပြောင်းလဲနိုင်ကြောင်း၊ မေခရိုညွှန်ကိန်းအပေါ်တွင် ခန့်မှန်းတွက်ချက်ရသည့် ရငွေနှင့်အသုံးစရိတ်များသည်လည်း ညွှန်ကိန်းများပြောင်းလဲသည်နှင့် ခန့်မှန်းတွက်ချက်မှုသည်လည်း ပြောင်းလဲနိုင်ပြီး အမှန်နှင့် နီးစပ်မှုမရှိနိုင်တော့ကြောင်း၊ ယင်းကို ဖြေရှင်းနိုင်ရန် အကောင်းဆုံးနည်းလမ်းကို ရှာဖွေရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ ဘဏ္ဍာရေးနှစ်ပြင်ဆင်သတ်မှတ်ခြင်းကို ဝိုင်းဝန်းစဉ်းစားကြရန်၊ ဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အရ အသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်ရန်နှင့် ဘဏ္ဍာရေးမူဝါဒဆိုင်ရာကိစ္စရပ်များဖြစ်သည့် ဘတ်ဂျက်လိုငွေတွက်ချက်နည်းလမ်းအား Accounting Method ဖြင့်သာ ဆက်လက်တွက်ချက်ရန်ကိစ္စ၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်ပြင်ဆင်သတ်မှတ်ရေးကိစ္စ၊ ၂၀၁၇ ခုနှစ် ဧပြီ ၁ရက် တွင်ထုတ်ပြန်ခဲ့သော ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းအား မှတ်တမ်းတင်ပေးနိုင်ရေးကိစ္စ၊ လတ်တလောရပ်ဆိုင်းထားသည့် စက်ရုံများနှင့်စပ်လျဉ်း၍ မဖြစ်မနေ သုံးစွဲရမည့် အသုံးစရိတ်များအား ဆက်လက်သုံးစွဲနိုင်ရေးကိစ္စ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များတွင် Financial Projection ရေးဆွဲရန်ကိစ္စ၊ တင်ဒါခေါ်ယူခြင်းကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဘဏ္ဍာငွေရရှိမှုနှင့် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဘတ်ဂျက်လိုငွေတွက်ချက်ရာတွင် Accounting Method ဖြင့် ဆက်လက်တွက်ချက်ရန် အများကသဘောတူသော်လည်း Analytical Method ဖြင့်လည်း တွက်ချက်ဖော်ပြရန် လိုအပ်ကြောင်း၊ ဘဏ္ဍာရေးနှစ် ပြင်ဆင်မှုနှင့်ပတ်သက်ပြီး လေ့လာသည့်အခါ မိမိတို့နိုင်ငံဘဏ္ဍာရေးနှစ်ကဲ့သို့ သတ်မှတ်ကျင့်သုံးနေသည့်နိုင်ငံမှာ အာဆီယံတွင် နှစ်နိုင်ငံရှိပါကြောင်း။

ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းကို အများကသဘောတူသည့်အတွက် ဆွေးနွေးစရာမရှိကြောင်း၊ သို့သော်လည်း ပြည်ထောင်စုလွှတ်တော်နှင့် တိုင်ပင်ရန်လိုအပ်ကြောင်း၊ ဘဏ္ဍာရေးနှစ်ပြောင်းလဲမည်ဆိုပါက အမြန်ပြောင်းလဲစေလိုကြောင်း၊ တိုင်းဒေသကြီး အစိုးရများနှင့် တိုင်းဒေသကြီးလွှတ်တော်များအကြား သဘောထားရိုးရိုးဖြင့် မတူညီမှုများရှိသည်ကိုနားလည်ကြောင်း၊ သို့သော်လည်း ညှိနှိုင်းဆောင်ရွက်ပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် နိုင်ငံတော်၏ကြီးမားသည့် စိန်ခေါ်မှုဖြစ်သည့် ဘတ်ဂျက်လိုငွေပြမှုကို လျှော့နည်းနိုင်ရန်အတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သုံးစွဲမည့်အသုံးစရိတ်ကို ထိထိရောက်ရောက်သုံးစွဲနိုင်ရန် စဉ်းစားရုံသာမက ရငွေများကိုလည်း မည်သို့တိုးတက်ရရှိအောင် ရှာဖွေရမည်ကို ကြံဆောင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သည့်နေရာတွင် ပြည်သူအကျိုးပြုမည့် စီမံကိန်းများကို အကောင်အထည်ဖော်သည့်နေရာ၌ နိုင်ငံ့ဘဏ္ဍာငွေကို မှန်မှန်ကန်ကန် တိတိကျကျ သုံးစွဲနိုင်ရန်အရေးကြီးကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် ပြည်ထောင်စုက ထောက်ပံ့ပေးသည့် အသုံးစရိတ်များကို ပြည်သူ့အတွက် ထိထိရောက်ရောက်အကျိုးရှိသော စီမံကိန်းများကိုသာ အကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများ၏ ရလဒ်များကို စဉ်ဆက်မပြတ်သုံးသပ်အကဲဖြတ်ပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် မိမိတို့အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကိုသာ ဦးစားပေးအစီအစဉ်ဖြင့် အသုံးစရိတ်များ ကျခံသုံးစွဲကြရန်နှင့် အနာဂတ်တွင် ခိုင်မာအားကောင်းသည့် အကျိုးရလဒ်များကို မလွဲမသွေ ဖော်ထုတ်ဆောင်ရွက်သွားကြရန် အလေးအနက် ပြောကြားလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် ကျစ်လျစ်ခိုင်မာပြီး ပွင့်လင်းမြင်သာသည့် ငွေကြေးစီမံခန့်ခွဲမှုနှင့် နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးရှိထိရောက်အောင် ရငွေများကို စီမံကြီးကြပ်ကောက်ခံရန်နှင့် အသုံးစရိတ်များကို စီမံခန့်ခွဲသုံးစွဲရန် ဝင်ငွေရှာဖွေရာတွင်ဖြစ်စေ၊ အသုံးစရိတ်သုံးစွဲရာတွင်ဖြစ်စေ လျာထားချက်နှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုသည်လည်း အနီးစပ်ဆုံး တစ်ထပ်တည်းဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဒုတိယအမြဲတမ်းအတွင်းဝန် ဦးချစ်ဝေကို သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ပြည်ထောင်စုငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၇**

ပြည်ထောင်စုငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တော်ဝင်ရတနာလမ်းနှင့် ရွှေကြာပင်လမ်းထောင့်နေရာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဒေါက်တာအောင်မိုးညို၊ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူး အဖွဲ့ဝင် ဦးဝင်းထိန်၊ နေပြည်တော် ကောင်စီဝင်များနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရတနာတန်းဝင် ကျွန်းပင်ကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဝင်းထိန်နှင့် တာဝန်ရှိသူများက ရတနာတန်းဝင်ကျွန်း၊ ရင်းမာ၊ ကံ့ကော်၊ မဟော်ဂနီ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ပိတောက်၊ ရွှေသပြေနှင့် ခရေပင်တို့ကို လည်းကောင်း သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့်ဖိတ်ကြားထားသူများက ပျိုးပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးကြသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ငုရွှေဝါ၊ ငုစပ်၊ မဟော်ဂနီ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ပိတောက်၊ ကံ့ကော်၊ ရွှေသပြေ၊ ရင်းမာနှင့် ခရေပျိုးပင်စုစုပေါင်း ၁၂၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။

(သတင်းစဉ်)

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

### နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

# နှစ်စဉ်စီမံကိန်းများအတွက် ဦးစားပေးအစီအစဉ်များ၊ ဦးစားပေးလုပ်ငန်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် လုပ်နည်းစနစ်များကို ညှိနှိုင်းဖော်ထုတ်ချမှတ်ရန် လိုအပ်နေသေးသည်ကို တွေ့ရှိရ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းကော်မရှင် (၂/၂၀၁၇)အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ စီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ ဦးစီးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက စီမံကိန်းကော်မရှင်၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် ကျင်းပခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေးသည် မိမိတို့အစိုးရ ပထမဆုံးရေးဆွဲထားသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်သို့ မတင်သွင်းမီ ကော်မရှင်တွင်ချပြညှိနှိုင်းပြီး အတည်ပြုချက်ရယူရန် ဆောင်ရွက်ခဲ့သည့် အစည်းအဝေးဖြစ်ပါကြောင်း။

စီမံကိန်းရေးဆွဲရာတွင် ပြည်သူများ၏ လတ်တလောလိုအပ်ချက်များနှင့် တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်က ခွင့်ပြုပေးနိုင်သည့်ဘတ်ဂျက်ဘောင်နှင့် ပေါင်းစပ်၍ ချမှတ်ထားသည့် နိုင်ငံတော်စီးပွားရေးမူဝါဒများနှင့်အညီ ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကို နောက်ဆက်တွဲများနှင့်အတူ အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်မြောက် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး (၂/၂၀၁၇)ကို ပထမအချက်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့် အားသာချက်နှင့် အားနည်းချက်များကို စိစစ်လေ့လာသုံးသပ်ရန် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏စီးပွားရေးကို နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသည့် ကမ္ဘာ့ဘဏ်(WB)က (၆ ဒသမ ၅ ရာခိုင်နှုန်း)၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)က (၆ ဒသမ ၄ ရာခိုင်နှုန်း)၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)က (၆ ဒသမ ၃ ရာခိုင်နှုန်း) နှင့် AMRO အဖွဲ့က (၆ ရာခိုင်နှုန်း) တိုးတက်မည်ဟု ခန့်မှန်းကြပါကြောင်း၊ ဒုတိယအချက်မှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းအတည်ပြုပေးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်များကို ဖော်ထုတ်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ တတိယအချက်မှာ လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရေးဆွဲသည့်အခါ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားနှင့် နိုင်ငံတော်ကချမှတ်ထားသည့် စီးပွားရေးမူဝါဒများကို ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် မူဝါဒတစ်ရပ်ချင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အကြောင်းအရာများကို ချမှတ်ပြီးဖြစ်ပါကြောင်း၊ နှစ်စဉ်စီမံကိန်းများအတွက် ဦးစားပေးအစီအစဉ်များ၊ ဦးစားပေးလုပ်ငန်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် လုပ်နည်းစနစ်များကို ညှိနှိုင်းဖော်ထုတ်ချမှတ်ရန် လိုအပ်နေသေးသည်ကို တွေ့ရှိရပါကြောင်း၊ အမျိုးသားစီမံကိန်းရေးဆွဲဆောင်ရွက်သည့်အခါ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းရပ်များကိုပါ ထည့်သွင်းရေးဆွဲရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းမည့်လုပ်ငန်းစီမံကိန်းများ(Projects)နှင့် လုပ်ငန်းများ(Works)သည် ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ/မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ/မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု/မပြု၊ ပတ်ဝန်းကျင်ထိခိုက်မှု ရှိ/မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ရန် လိုအပ်ပါကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုတင်ပြချက်များကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရေးဆွဲရာတွင် အလေးထားသုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ယခင်နှစ်စီမံကိန်းအကောင်အထည်ဖော်ခဲ့စဉ်က တွေ့ကြုံခဲ့ရသည့် အားသာချက်များကို ဆက်လက်ထိန်းသိမ်းပြီး ဖြစ်ပေါ်ခဲ့သည့်အားနည်းချက်များကို စိစစ်သုံးသပ်ပြုပြင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အလားတူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ နှစ်အလိုက် စီမံကိန်းများအတွက် လိုအပ်သည့် ဦးစားပေးအစီအစဉ်များ၊ လုပ်ငန်းရပ်များနှင့် လုပ်နည်းစနစ်များ ချမှတ်နိုင်ရေးအတွက် အလေးထားဆွေးနွေးဖော်ထုတ်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အမျိုးသားစီမံကိန်းများ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဦးသန့်ဇင်မောင်၊ ဒေါက်တာသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က လျှပ်စစ်ကဏ္ဍ၊ အထူးစီးပွားရေးဇုန်ကဏ္ဍ၊ ပို့ကုန်သွင်းကုန်ကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသည် ချိတ်ဆက်မှုများခိုင်မာစွာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရန် အစိုးရအဖွဲ့သာမက ပြည်သူများ ဝိုင်းဝန်းပူးပေါင်းပါဝင်နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို ခန့်မှန်းထားသည်ထက် ပိုမိုတိုးတက်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးဈေးကွက်နှင့်ပတ်သက်၍ လက်ရှိဈေးကွက်များအပြင် အခြားဈေးကွက်များကိုလည်း မိမိတို့တီထွင်ဖန်တီးနိုင်သည့် စွမ်းအားများဖြင့် ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးဈေးကွက်အခြေအနေ မည်သို့ဖြစ်နေသည်၊ နောင်တွင် မည်သို့ဖြစ်နိုင်သည်တို့ကို ကြိုတင်တွက်ဆ၍ သူတစ်ပါးထက်ခြေတစ်လှမ်းသာရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ အချိတ်အဆက်မိမိ ဆောင်ရွက်ရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ တာဝန်များ၊ ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များ မည်သို့ရှိမည်ကို ထည့်သွင်းစဉ်းစားပြီး အမျိုးသားစီမံကိန်းကို ချဉ်းကပ်ရမည်ဖြစ်ကြောင်း၊ ရပိုင်ခွင့်များ၊ လုပ်ပိုင်ခွင့်များနှင့်အတူ တာဝန်နှင့် ဝတ္တရားများ ပါလာမည်ဖြစ်ကြောင်း၊ တာဝန်ယူမှု၊ တာဝန်သိမှုနှင့် တာဝန်ခံမှုတို့သည် များစွာအရေးကြီးပါကြောင်း၊ စိန်ခေါ်မှုဆိုသည်မှာ အမြဲရှိနေမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ စီမံကိန်းများနှင့်ပတ်သက်၍ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည့် ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် အဘက်ဘက်မှ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က စီမံကိန်းများဆောင်ရွက်ရာတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဟူ၍ မခွဲခြားဘဲ၊ ကွင်းဆက်မပြတ်စေဘဲ လိုအပ်ချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းချိတ်ဆက်အဖြေရှာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် မူဘောင်များကို မကျော်လွန်စေရေးသည် အရေးကြီးပါကြောင်း၊ အချိတ်အဆက်ရှိရှိဖြင့် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ရေးဆွဲရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့် လိုက်လျောညီထွေ အကောင်အထည်ဖော်နိုင်မည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၏ ရည်မှန်းချက်များကို ပေါင်းစပ်ထည့်သွင်းရေးဆွဲကြရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အောင်မြင်ရန် တစိုက်မတ်မတ်ကြီးကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်နိုင်ရေးသည် အထူးအရေးကြီးပါကြောင်း၊ မိမိတို့ဆောင်ရွက်သည့်လုပ်ငန်းများသည် အမှန်တကယ်အကျိုးပြုမည်၊ စီးပွားရေးတွက်ခြေကိုက်မည်၊ တိုင်းပြည်အတွက် မည်မျှအကျိုးပြုနိုင်မည် စသည်တို့ကို စဉ်းစားဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ မျှော်မှန်းချက်အတိုင်း ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေးပုံသဏ္ဌာန်အသွင်ကူးပြောင်းမှုနှင့် ကဏ္ဍအလိုက်၊ ဒေသအလိုက် အချိုးကျ မျှတစွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

## သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်သဘောတူစာချုပ် ချုပ်ဆို

**နေပြည်တော် ဇူလိုင် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် မော်ရိုကိုဘုရင်နိုင်ငံအစိုးရတို့အကြား သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မော်ရိုကိုဘုရင်နိုင်ငံတို့သည် နှစ်နိုင်ငံအကြား သမိုင်းဝင်ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ထည့်သွင်းစဉ်းစား၍ သံတမန်ရေးရာနယ်ပယ်၌ ယင်းအဆက်အသွယ်များကို ပိုမိုတိုးမြှင့်ခိုင်ခံ့စေလိုခြင်းကို တွန်းအားပေးထောက်ခံသည့်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မော်ရိုကိုနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Mounia Boucetta တို့သည် ဇူလိုင် ၃ ရက်တွင် ရာဘတ်မြို့ မော်ရိုကိုနိုင်ငံ၌ နှစ်နိုင်ငံ၏ သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်သဘောတူစာချုပ်ကို အင်္ဂလိပ်၊ မြန်မာ၊ အာရေဗျ သုံးဘာသာဖြင့် လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းသဘောတူစာချုပ်အရ နှစ်နိုင်ငံ၏ သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ရက် ၉၀ ထက်မကျော်လွန်သည့် နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး နှစ်နိုင်ငံသံတမန်နှင့် အထူး/ဝန်ထမ်းနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအကြား ခရီးသွားလာရေးကိုလည်း အဆင်ပြေလွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၁၅) ကြိမ်မြောက် အာဆီယံဆိပ်ကမ်းများနှင့် သင်္ဘောများဆိုင်ရာ ဆွေးနွေးပွဲနှင့် ပြခန်းများ ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၇**

(၁၅)ကြိမ်မြောက် အာဆီယံဆိပ်ကမ်းများနှင့် သင်္ဘောများဆိုင်ရာ ဆွေးနွေးပွဲနှင့် ပြခန်းများဖွင့်ပွဲကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့ပြီး အာဆီယံဒေသတွင်း တစ်ခုတည်းသော စီးပွားရေးအသိုက်အမြုံ တစ်ခုတည်းသော သယ်ယူပို့ဆောင်ရေး ဖြစ်ပေါ်လာစေရန် ရည်ရွယ်ကာ နှစ်စဉ် ကျင်းပလျက်ရှိသည်။



အဆိုပါ အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ ဩစတြေးလျ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ အင်္ဂလန်၊ မလေးရှား၊ ဂျာမနီ၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ နယ်သာလန်၊ အာရပ်စော်ဘွားများနိုင်ငံ၊ ထိုင်း၊ ဆွီဒင်၊ တရုတ်၊ အင်ဒိုနီးရှား၊ နော်ဝေနှင့် မြန်မာအပါအဝင် နိုင်ငံပေါင်း ၂၀ ခန့်မှ ကိုယ်စားလှယ်ပေါင်း ၂၅၀ ကျော် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ပြခန်းများတွင် ဆိပ်ကမ်းလုပ်ငန်းဆိုင်ရာအတွေ့အကြုံရှိ နိုင်ငံများက ဆိပ်ကမ်းများတွင် ခေတ်မီကုန်တင်၊ ကုန်ချ ဆောင်ရွက်နေမှုများ၊ ဆိပ်ကမ်း စီမံခန့်ခွဲမှုစနစ်များနှင့် ပတ်သက်၍ ပြသခဲ့ကြပြီး နိုင်ငံတကာအတွေ့အကြုံများကို ဖလှယ်ရယူနိုင်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

“မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ အဓိကလုပ်ငန်းကြီးနှစ်ခုပါ။ တစ်ခုကတော့ regulations ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်တဲ့သူတွေအပေါ်မှာ regulate လုပ်တာပါ။ နောက်တစ်ခုကတော့ ဆိပ်ကမ်းလုပ်ငန်းတွေ တိုးတက်အောင် လုပ်နေတယ်ဆိုတာကို ထောက်ပံ့ပေးတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ပြောရရင် ဆိပ်ကမ်းနဲ့ ပတ်သက်တဲ့ Maritime Transport ပါ။ supply chain မှာ ဆိပ်ကမ်းက အရေးကြီးတဲ့ အခန်းကဏ္ဍက ပါပါတယ်။ ဒီဆိပ်ကမ်းကဏ္ဍမှာ အဓိက သင်္ဘောလိုင်းတွေကလည်း ဆိပ်ကမ်းတွေကို လေ့လာဖို့လိုတယ်။ ဆိပ်ကမ်းတွေကလည်း သင်္ဘောလိုင်းတွေကို လက်ခံဖို့ Facilities တွေ လိုတာပေါ့။

“ဆိပ်ကမ်းလုပ်ငန်း လုပ်တဲ့သူတွေ၊ ကုန်သွယ်မှုလုပ်ငန်း လုပ်တဲ့သူတွေ၊ သင်္ဘောလုပ်ငန်းလုပ်တဲ့သူတွေ အဲဒီမှာရှိတဲ့ သတင်းအချက်အလက် မျှဝေတယ်ဆိုတဲ့ အဓိကအချက်ရှိလာမယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်ရင် ဘယ်နေရာက အလားအလာရှိနိုင်မလဲ၊ အလားအလာရှိတဲ့ ဈေးကွက်လဲဆိုတာ လေ့လာနိုင်တာပေါ့။ ဒီလိုဆောင်ရွက်မှုတွေဟာ နိုင်ငံအတွက်လည်း အများကြီးအကျိုးရှိတယ်။ ဆိပ်ကမ်းကဏ္ဍကိုလည်း အများကြီး အထောက်အပံ့ ပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်”ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာမျိုးငြိမ်းအေးက ပြောသည်။

ပင်လယ်ရေကြောင်းဖြင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းပမာဏအများအပြားကို လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်ပေးနိုင်သော အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည့်အပြင် ပင်လယ်ရေကြောင်း ကုန်စည်ပို့ဆောင်မှုလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသတွင်းနိုင်ငံအချင်းချင်း တစ်ခုတည်းသော စီးပွားရေး အသိုက်အမြုံ တပေါင်းတစည်း တည်းသော သယ်ယူပို့ဆောင်ရေး ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ နှစ်စဉ်ကျင်းပနေသည့် အဆိုပါဆွေးနွေးပွဲနှင့် ပြခန်းများကို ယခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံး ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဝဝ၁**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# မွန်ပြည်နယ် အခြေခံပညာကျောင်းများအတွက် ကျပ်သန်း ၅၅၉၈ ဒသမ ၅ သန်း သုံးစွဲရန်ရှိ

**မော်လမြိုင် ဇူလိုင် ၇**

ပညာရေးဝန်ကြီးဌာနအနေဖြင့် မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပြည်ထောင်စုရန်ပုံငွေ ငွေလုံးငွေရင်း ကျပ်သန်းပေါင်း ၅၅၉၈ ဒသမ ၅ သန်း သုံးစွဲသွားရန်ရှိကြောင်း သိရသည်။

အခြေခံပညာကျောင်းများရှိ လုပ်ငန်း ၁၀၅ ခုတွင် ကျောင်းဆောင်များ၊ ရုံးခန်း၊ ဝန်ထမ်းအိမ်ရာ၊ သိပ္ပံဆောင်များတွင် သုံးစွဲသွားရန်ရှိကြောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ် ရန်ပုံငွေထက် ၉၁၆ ဒသမ ၇ သန်း ပိုမိုသုံးစွဲသွားရန် ရှိနေကြောင်း မွန်ပြည်နယ် ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာချိုချိုမြတ်အောင်ထံမှ သိရသည်။

အခြေခံပညာမူလတန်း ကျောင်းသား ကျောင်းသူများအတွက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဗလာစာအုပ် အခမဲ့ခွဲဝေပေးမှုမှာ ကျပ်သန်း ၂၀၄ ဒသမ ၇၂၇ ကျပ်သန်းထဲတွင် မွန်အမျိုးသားပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၃၄၆ ဦး အပါအဝင် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူပေါင်း နှစ်သိန်းကျော်အား တစ်ဦးလျှင် ဗလာစာအုပ် ခြောက်အုပ်နှုန်းဖြင့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း အခြေခံပညာ(ထက်/လယ်/မူ)ကျောင်းများမှ အဆင့်မြှင့်တင်လိုက်သည့် ကျောင်းပေါင်းမှာ ၆၉ ကျောင်းရှိကာ ယခု ပညာသင်နှစ်မှာ ကျောင်းသား ကျောင်းသူပေါင်း ၄၁၁၄၁၉ ဦးရှိပြီး ပညာရေးဝန်ထမ်းပေါင်း ၁၄၀၄၃ ဦးရှိကာ အခြေခံပညာကျောင်းပေါင်း ၁၄၅၅ ကျောင်းနှင့် မွန်အမျိုးသားပညာရေးကျောင်း ၁၃၂ ကျောင်းရှိကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ငပုတော ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက စွယ်တော်ဘုရားထိပ် ဆေးရုံသစ်ဝင်းအတွင်း ပြုလုပ်ရာ ငပုတောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ မြို့ပေါ်ရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများ စုစုပေါင်းအင်အား ၂၅၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် မြို့နယ်သစ်တောဦးစီးအရာရှိတို့က တက်ရောက်လာကြသူများအား စိုက်ပျိုးရန် ပျိုးပင်များကို ဝေငှပေးခဲ့ပြီး ကျွန်း၊ မဟော်ဂနီ၊ မန်ဂျန်ရှား၊ တမာ၊ ပျဉ်းကတိုးနှင့် ခရေပျိုးပင် စုစုပေါင်း အပင် ၁၁၅၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ ဆဋ္ဌမအကြိမ်မြောက်ခရီးစဉ်ကိစ္စ

**နေပြည်တော် ဇူလိုင် ၇**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီသည် မြန်မာနိုင်ငံသို့ ဆဋ္ဌမအကြိမ်မြောက်ခရီးစဉ်အဖြစ် ဇူလိုင် ၁၀ ရက်မှ ၂၁ ရက်အထိ လာရောက်ရန် ရှိပါကြောင်း သိရသည်။

ယင်းခရီးစဉ်သည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ ၂၀၁၇ ခုနှစ် မတ်လအတွင်း ချမှတ်ခဲ့သည့် အချက်အလက် ရှာဖွေဖော်ထုတ်ရေးမစ်ရှင် (Fact-Finding Mission) ၏ လုပ်ပိုင်ခွင့်တာဝန်နှင့်ပတ်သက်ခြင်းမရှိစေရန် လိုအပ်ကြောင်းကို အထူးအစီရင်ခံစာတင်သွင်းသူအား အကြောင်းကြားခဲ့ရာ အထူးအစီရင်ခံစာတင်သွင်းသူက လူ့အခွင့်အရေးကောင်စီမှ ၎င်းအား အပ်နှင်းသည့် လုပ်ငန်းဘောင်အတွင်းမှ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို စောင့်ကြည့်ပြီး တိုးတက်မှုအခြေအနေကို အစီရင်ခံခြင်းကိုသာ ယခင်ခရီးစဉ်များကဲ့သို့ ပြုလုပ်ဆောင်ရွက်မည်ဟု ပြန်ကြားထားကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အထူးအစီရင်ခံစာတင်သွင်းသူသည် ခရီးစဉ်အတွင်း ၎င်း၏ မူလလုပ်ငန်းတာဝန်ကိုသာ ဆောင်ရွက်မည်ဟူသောနားလည်မှုဖြင့် ခရီးစဉ်လာရောက်ရေးကိစ္စကို လက်ခံထားပြီး ခရီးစဉ်အစီအစဉ် အသေးစိတ်ကို နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့်အခြားသက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအနေဖြင့် Fact-Finding Mission အား ဖွဲ့စည်းစေလွှတ်ရန်ဆောင်ရွက်မှုသည် မြန်မာနိုင်ငံအတွက် လက်တွေ့အနေအထားနှင့်ကိုက်ညီမှုမရှိသည့်အပြင် ရခိုင်ပြည်နယ်အတွင်း ကာလရှည်ကြာစွာဖြစ်ပေါ်နေသည့် ပြဿနာများကို ဖြေရှင်းပေးနိုင်ခြင်းမရှိသောကြောင့် မြန်မာနိုင်ငံအနေဖြင့် သဘောတူလက်ခံမှုမပြုကြောင်းကို တရားဝင်ကြေညာထားပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# 7 July အောက်မေ့ဖွယ်အခမ်းအနား ရန်ကုန်မြို့၌ ပြုလုပ်

**ရန်ကုန် ဇူလိုင် ၇**

(၅၅) နှစ်မြောက် 7 July အောက်မေ့ဖွယ် အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်တက္ကသိုလ် သမဂ္ဂရင်ပြင်၌ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားကို တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ (တကသ) အဖွဲ့က ပြုလုပ်ခြင်းဖြစ်ပြီး လှိုင်မြို့နယ်ရှိ အင်းလျားကန်ပေါင် တံတားဖြူ မှတ်တိုင်အနီးတွင် ညနေ ၃ နာရီခန့်က စတင်စုဝေးကာ သမဂ္ဂအလံများ ကိုင်ဆောင်၍ ရန်ကုန်တက္ကသိုလ် သမဂ္ဂရင်ပြင်သို့ လမ်းလျှောက်ချီတက်ကြသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် သမဂ္ဂရင်ပြင်ရှိ ဗိုလ်အောင်ကျော် အုတ်ဂူရှေ့တွင် အလေးပြုပြီး အောက်မေ့ဖွယ် အခမ်းအနားကို ပြုလုပ်ကြသည်။



အလားတူ နံနက်ပိုင်းတွင် ပညာရေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ၊ ဗကသများ အဖွဲ့ချုပ်၊ ဆေးတက္ကသိုလ်(၂) ကျောင်းသားသမဂ္ဂတို့အပါအဝင် ကျောင်းသားသမဂ္ဂအဖွဲ့များနှင့် ကျောင်းသားဟောင်းကြီးများ၊ နိုင်ငံရေးအင်အားစုများကလည်း ရန်ကုန်တက္ကသိုလ် သမဂ္ဂရင်ပြင်ရှိ ဗိုလ်အောင်ကျော် အုတ်ဂူသို့ ချီတက်အလေးပြု၍ 7 July အောက်မေ့ဖွယ် အထိမ်းအမှတ် အခမ်းအနားကို ပြုလုပ်ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# လူထုဗဟိုပြုစီမံကိန်း မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**ကော့မှူး ဇူလိုင် ၇**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် လူထုဗဟိုပြုစီမံကိန်း သုံးသပ်ခြင်းအစည်းအဝေးကို ဇူလိုင် ၆ ရက်က မြို့နယ်အားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်းကျော်က အဖွင့်အမှာစကားပြောကြားပြီး လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းထွန်းက ရှင်းလင်းပြောကြားသည်။

စီမံကိန်းဒုတိယနှစ်တွင် ကော့မှူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၅ အုပ်စုမှ ကျေးရွာပေါင်း ၁၃၀ တွင် စီမံကိန်းလုပ်ငန်းခွဲများဖြစ်သည့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် အခြားအခြေခံအဆောက်အအုံများဖြစ်သည့် လုပ်ငန်းခွဲပေါင်း ၁၉၆ ခုကို ထောက်ပံ့ငွေကျပ် ၁၅၀၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် စီမံကိန်းဒုတိယနှစ်အတွက် အကောင်းဆုံးရွေးချယ်ခံရသည့် ကျေးရွာအုပ်စု သုံးအုပ်စုနှင့် ကျေးရွာသုံးရွာအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကော့မှူးကျေးလက်)**

# အာဆီယံရိုးရာ အကပြိုင်ပွဲကျင်းပရေး ကြိုတင်ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၇**

အာဆီယံထူထောင်မှု နှစ်(၅၀)ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ ဩဂုတ် ၈ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် အာဆီယံရိုးရာ အကပြိုင်ပွဲ "ASEAN Traditional Dance Competition" အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ် (၃၅) ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။



အဆိုပါ အစည်းအဝေး၌ အာဆီယံရိုးရာအကပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဩဂုတ် ၈ ရက်တွင် ကျရောက်မည့် အာဆီယံအသင်းကြီးထူထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အာဆီယံရိုးရာ အကပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံရိုးရာ အကပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက အာဆီယံရိုးရာ အကပြိုင်ပွဲအား ၂၀၁၇ ခုနှစ်တွင် ကျရောက်မည့် အာဆီယံထူထောင်မှု နှစ်(၅၀)ပြည့် အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုရန်၊ ASCC Blue Print အရ ရှေ့ဆက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များကို အထောက်အကူဖြစ်စေရန်၊ မြန်မာနိုင်ငံမှ အနုပညာရှင်များက အာဆီယံရိုးရာအကများကို ကပြယှဉ်ပြိုင်ခြင်းအားဖြင့် အာဆီယံစိတ်ဓာတ်များ ရှင်သန်လာစေရန် ကျင်းပရခြင်းဖြစ်ကြောင်းနှင့် ဦးစီးကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိမှုနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စီမံချက်လုပ်ငန်းအား ပြန်လည်သုံးသပ်ခြင်းနှင့် စီမံကိန်းများရေးဆွဲခြင်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၇**

စီမံချက်လုပ်ငန်းအား ပြန်လည်သုံးသပ်ခြင်းနှင့် Phase II အတွက် စီမံကိန်းများရေးဆွဲခြင်း (Workshop on Dissemination Phase I Evaluation Findings and Planning for Phase II) အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် Data for Health Initiative အစီအစဉ်ကို ၂၀၁၅ ခုနှစ်မှစတင်ပြီး ဖွား/သေစာရင်းကောက်ခံခြင်းစနစ် ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံပေါင်း ၁၈ နိုင်ငံတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်း Data for Health Initiative ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် Bloomberg အဖွဲ့တို့ MoU ရေးထိုးပြီး ၂၀၁၆ ဇန်နဝါရီလမှ စတင်ဆောင်ရွက်လျက်ရှိပြီး စီမံချက်တွင်ပါဝင်သော အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း။

စာရင်းဇယား အချက်အလက်များအနေဖြင့် မှန်ကန်မှု၊ ပြည့်စုံမှု၊ ကိုယ်စားပြုနိုင်မှု၊ ယုံကြည်စိတ်ချရမှု၊ အချိန်နှင့်တစ်ပြေးညီဖြစ်မှု စသည့် ဂုဏ်သတ္တိများနှင့် ပြည့်စုံရန် လိုအပ်ကြောင်း၊ မြို့နယ်အလိုက် တိကျမှန်ကန်သော ဖွား/သေစာရင်းဇယား(သို့မဟုတ်) သတင်းအချက်အလက်များ ရရှိလျှင် ရောဂါ(သို့မဟုတ်) အခြေအနေတစ်ခု၏ ဖြစ်ပွားရသော အကြောင်းအရင်းများကို ရှာဖွေဖော်ထုတ်၊ ပြုပြင်သွားနိုင်မည်ဖြစ်ကြောင်း၊ အချက်အလက်များကို ဖြည့်သွင်းသူများအနေဖြင့် မိမိ၏အရေးကိစ္စကဲ့သို့ သဘောထားပြီး မှန်ကန်သော အချက်အလက်များကို လိုအပ်သည့်အချိန်တွင် ဖြည့်သွင်းရန်အတွက် အချက်အလက်များ၏ အသုံးဝင်ပုံ၊ အရေးပါပုံတို့ကို သိရှိထားရန် လိုအပ်ကြောင်း၊ ထိုသို့ သိရှိနိုင်ရန်အတွက် အဆင့်ဆင့် တာဝန်ရှိသူများက သင့်တော်သောကာလအလိုက် Feedback ပြန်ပေးနိုင်ရန် အလွန်အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က Overview of D4H Phase I Progress ကို လည်းကောင်း၊ University of Melbourne က Prof. Alan Lopez u Brief overview of Phase I Progress Strategic direction for Phase II ကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

အဆိုပါဆွေးနွေးပွဲကို ဇူလိုင် ၇ ရက်အထိ နှစ်ရက်တာကျင်းပခဲ့သည်။

**(သတင်းစဉ်)**

# ပြည်သူ့အကျိုးပြု ကျန်းမာရေးဂျာနယ်သစ် စာနယ်ဇင်းမိတ်ဆက်

**ရန်ကုန် ဇူလိုင် ၇**

လူသားတိုင်းအတွက် အဓိက အရေးပါလှသည့် အလှအပနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အသိပညာများတိုးပွား၍ အကျိုးရှိစေရန်နှင့် တိုင်းရင်းဆေးလောက တိုးတက်မြင့်မားလာပြီး ပြည်သူ့အကျိုးပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် ထုတ်ဝေဖြန့်ချိသော သက်စောင့်သမားတော် အလှအပနှင့် တိုင်းရင်းဆေးပညာဂျာနယ်သစ် စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပသည်။

"ကျန်းမာရေးနဲ့ပတ်သက်တဲ့ ကဏ္ဍတွေကို ဒီဂျာနယ်ထဲမှာ အတတ်နိုင်ဆုံး ပြည့်စုံအောင် ဖော်ပြပေးထားပါတယ်။ အဓိကတော့ မိသားစုကျန်းမာရေး၊ အိမ်ရှင်မတွေရဲ့ ကျန်းမာရေး၊ ကလေးသူငယ်တွေအတွက် ကျန်းမာရေးတွေ ပါမယ်။ နောက်တစ်ခုက တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ အကျိုးကျေးဇူးတွေကို ပြည်သူတွေသိအောင် ဖော်ပြပေးမှာပါ၊ တိုင်းရင်းဆေးနဲ့ ပြည်သူလူထု ကျန်းမာရေးကို အထောက်အကူပြုနိုင်ရန် အသိပေးသွားမှာပါ။

"အခုလို စာနယ်ဇင်းမိတ်ဆက်ပွဲ လုပ်တယ်ဆိုတာလည်း ပြည်သူတွေ တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ အကျိုးပြုပုံတွေကို သိစေချင်လို့ သိမှသာ ဝယ်ယူ၊ ဖတ်ရှု၊ လေ့လာကြမယ်။ ဂျာနယ်ထဲမှာပါတဲ့ ကျန်းမာရေးကဏ္ဍပေါင်းစုံကို သိရှိပြီး မိမိအိမ်မှာ အိမ်တွင်းသမားတော်တစ်လက် ရှိနေပါလားဆိုတဲ့ အသိလေး ပေးချင်လို့ပါ။ မိသားစုတွေကျန်းမာမှ တစ်နိုင်ငံလုံး ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်နိုင်မှာပါ။ ပြည်သူလူထု ကျန်းမာရေးနဲ့ပတ်သက်ပြီး အတတ်နိုင်ဆုံး အကျိုးပြုနိုင်အောင် ဆောင်ရွက်မယ်လို့ မျှော်မှန်းထားပါတယ်"ဟု သက်စောင့်သမားတော် အလှအပနှင့် တိုင်းရင်းဆေးပညာ ဂျာနယ်အယ်ဒီတာချုပ် ဆရာမြင့် (စကြာမင်း)က ပြောသည်။



အဆိုပါဂျာနယ်ကို ဇူလိုင် ၆ ရက်မှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပတ်တစ်ကြိမ် ကြာသပေးတေးနေ့တိုင်း ထုတ်ဝေမည်ဖြစ်ရာ တန်ဖိုးငွေကျပ် ၅၀၀ သတ်မှတ်ထားသည်။ ပြည်သူ့အကျိုးပြု တိုင်းရင်းဆေးပညာများနှင့် ကျန်းမာရေးကဏ္ဍ၊ အမျိုးသမီးများအတွက် အလှအပရေးရာ ကဏ္ဍများ စုံလင်စွာ ဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံ စိတ်ပညာအသင်းနာယက၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ အဖွဲ့ဝင်၊ ရန်ကုန်တိုင်း တိုင်းရင်းဆေးဆရာအသင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**(အေးမင်းသူ)**

# ကြေးမုံ သတင်းတိုများ

## နှစ်(၇၀)ပြည့် အာဇာနည်နေ့အကြို ဟောပြောပွဲကျင်းပ

**ပဲခူး ဇူလိုင် ၇**

ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးသည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲကို ပဲခူးမြို့ အထက(ခွဲ)-၅ ၌ ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။ ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုမော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမင်းထွန်းက 'အာဇာနည်နေ့ ဒို့မမေ့'ခေါင်းစဉ်ဖြင့် အာဇာနည်နေ့အကြောင်း သိကောင်းစရာများ ဟောပြောခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် အာဇာနည်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို စိတ်ဝင်တစား ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဓာတ်အားခွဲရုံသစ် တည်ဆောက်ပြီးစီး

**ကျောက်ဆည် ဇူလိုင် ၇**

ကျောက်ဆည်ခရိုင် ပလိပ်မြို့တွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ADB အစီအစဉ်ဖြင့် ငွေကျပ် ၄၁၅ ဒသမ ၄၁ သန်း အကုန်အကျခံကာ ဓာတ်အားခွဲရုံအသစ်နှင့် ၃၃/၁၁KV,၁၀ MVA ထရန်စဖော်မာ အသစ်တစ်လုံးကို ဇူလိုင် ၅ ရက်တွင် ထပ်တိုး တပ်ဆင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ယင်းအတွက်ကြောင့် ပလိပ်မြို့သာမက ကျေးလက်မီးလင်းရေး လုပ်ငန်းများပါ လျှပ်စစ်ဓာတ်အား လုံလောက်စွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပ

**ဒေးဒရဲ ဇူလိုင် ၇**

ဒေးဒရဲမြို့ မိုးရာသီသစ်ပင်စိုက်ပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ပြုလုပ်ရာ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်၊ ခရိုင်သစ်တောဦးစီးအရာရှိ ဦးမိုးသန့်ဇင်၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ ၁၀၀ တို့က ယူကလစ်၊ မန်ဂျန်ရှား၊ မဟော်ဂနီနှင့် မာလာလူကာ အပင်ပေါင်း ၃၀၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**

## တင်ဒါအရည်အချင်း ဖွင့်ဖောက်စိစစ်

**မော်လမြိုင် ဇူလိုင် ၇**

မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားနှင့် ရေပေးရေး တင်ဒါလုပ်ငန်းများမှ မွန်ပြည်နယ်အတွက် တင်ဒါတင်သွင်းသော ကုမ္ပဏီများ၏ ပဏာမအရည်အချင်း ဖွင့်ဖောက်စိစစ်ခြင်းကို ဇွန်လ တတိယပတ်က ပြည်နယ်ဦးစီးမှူးရုံး၌ပြုလုပ်ရာ မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်တင်ဒါကော်မတီဝင်များ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ တင်ဒါတင်သွင်းသည့်ကုမ္ပဏီများ တက်ရောက်ကြပြီး တင်ဒါများ ဖွင့်ဖောက်စိစစ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



## နေရပ်ပြန်သူများအတွက် စားသောက်ကုန်နှင့် ငွေလှူဒါန်း

**မြဝတီ ဇူလိုင် ၇**

မြဝတီမြို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ရွှေ့ပြောင်းအလုပ်သမားရုံး ပြန်လည်ကြိုဆိုလက်ခံရေးကွပ်ကဲမှုစခန်း၌ ဇူလိုင် ၅ ရက်တွင် CB Bank ၏တာဝန်ရှိသူများက ထိုင်းနိုင်ငံ မဲဆောက်နယ်စပ်မှ နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမားများအတွက် ဆန်အိတ် ၁၀၀၊ ဆီငါးလီတာဘူး ၁၀၀၊ ခေါက်ဆွဲခြောက်ဘူး ၁၂၀၀၊ ငါးသေတ္တာဘူး ၅၀၀၊ ကြက်သားမှုန့်ထုပ် ၅၀၊ ရေသန့် သုံးလီတာဘူး ၆၆၀၊ ဆန်ကြာဆံအိတ်ကြီး ငါးအိတ်နှင့် ငွေကျပ်သိန်း ၅၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# YBS ၅၅ ယာဉ်တစ်စီး တို့က်ရှေ့ပြုတ်ကာ YBS ၃၇ ယာဉ်အား တိုက်မိ၍ ကိုးဦးသေဆုံး

**ရန်ကုန် ဇူလိုင် ၇**

YBS ၅၅ ယာဉ်လိုင်းမှ ယာဉ်တစ်စီး တို့က်ရှေ့ပြုတ်ကာ တစ်ဖက်ယာဉ်ကြောမှ မောင်းနှင်လာသော YBS ၃၇ ယာဉ်မှ ယာဉ်တစ်စီးကို တိုက်မိ၍ ကိုးဦး သေဆုံးကာ ၁၉ ဦး ဒဏ်ရာရရှိခဲ့သည့် ယာဉ်မတော်တဆမှု ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်-ပြည်လမ်းပေါ် ပျဉ်းမပြင်ကျေးရွာအုပ်စု ရွှေညောင်ပင် ဘိုးဘိုးကြီး နတ်နန်းအဟောင်းရှေ့တွင် ဇူလိုင် ၇ ရက် မွန်းလွဲ ၂ နာရီခန့်က အဆိုပါ ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။ အခင်းဖြစ်ပွားရာနေရာတွင် ခရီးသည် ခြောက်ဦး သေဆုံးခဲ့ပြီး ဆေးရုံတွင် သုံးဦး ထပ်မံသေဆုံးခဲ့ကာ ဇူလိုင် ၇ ရက် ည ၈နာရီခွဲအထိ သေဆုံးသူ ကိုးဦးအထိ ရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က အတည်ပြုပြောကြားသည်။

" YBPC ကုမ္ပဏီက YBS ၃၇ က မြို့ထဲကနေ ထောက်ကြန့်ဘက်ကိုအသွား YBS ၅၅ က တစ်ဖက်ယာဉ်ကြောကအလာ YBS ၅၅ က တို့က်ရှေ့ပြုတ်ပြီး YBS ၃၇ ရဲ့ ဘယ်ဘက်တစ်ခြမ်းလုံးကို တိုက်မိတယ်။ အခင်းဖြစ်တဲ့နေရာမှာတင် ခြောက်ဦးသေဆုံးတယ်။ ဆေးရုံရောက်တော့ သုံးဦး ထပ်မံသေဆုံးတယ်။ အခု မြောက်ဥက္ကလာဆေးရုံမှာ ၁၂ ဦး၊ အင်းစိန်ဆေးရုံမှာ ခုနစ်ဦး ကုသမှုခံယူနေရပါတယ်။ လိုအပ်တာတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ YBS ၃၇ ကားပေါ်က အတိုက်ခံရတော့ ပိုထိခိုက်မှုရှိပြီး သေဆုံးဒဏ်ရာရ ပိုများပါတယ်"ဟု ဒေါက်တာမောင်အောင်က ပြောသည်။

အခင်းဖြစ်ပွားရာသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ အင်းစိန်မီးသတ်စခန်း၊ ပုလဲအရန်မီးသတ်စခန်း၊ နာရေးကူညီမှုအသင်း၊ ယာဉ်ထိန်းတပ်ဖွဲ့တို့မှ ကူညီကယ်ဆယ်ရေးနှင့် ဖြစ်စဉ်ကို ရှင်းလင်းဆောင်ရွက်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့တို့ကလည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုဖြစ်စဉ်နှင့် ပတ်သက်၍ ဇူလိုင် ၈ ရက်တွင် အရေးပေါ်အစည်းအဝေး ခေါ်ယူဆွေးနွေးသွားမည်ဟု ၎င်းကပြောသည်။ ယင်း YBS ၅၅ ယာဉ်သည် ၁၉၉၈ မော်ဒယ်ယာဉ်ဟောင်းတစ်စီးဖြစ်ပြီး ကြံ့ခိုင်မှုအားနည်းနိုင်သော ယာဉ်ဟောင်းများကို အစားထိုးလဲလှယ်နိုင်ရေးကိုလည်း သုံးသပ်အဖြေရှာသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် YBS ယာဉ်လိုင်းတွင် ပြေးဆွဲနေသော ယာဉ်များအနက် ၁၉၉၅ မော်ဒယ် ယာဉ်ဟောင်း အစီး ၂၀၀၀ ကျော် ခန့်အပ်ထားပြီးဖြစ်ကြောင်း သိရသည်။



**သတင်း-၀၀၁**

**ဓာတ်ပုံ - မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်



**တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော "Lactasoy" Soy Milk။**

အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃၆ စီး၊ သွင်းကုန် အစီး ၅၇၀၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက် လျက်ရှိရာ ဇူလိုင် ၆ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်ကို မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော "Lactasoy" Soy Milk (125ml x 60) (45)Pkgs၊ (ခန့်မှန်းတန်ဖိုးကျပ် သုည ဒသမ ၃၁၅ သန်းခန့်)ကို သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဇွန်လ တစ်လတာအတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၃၆၀၀ ကျော် သိမ်းဆည်းရမိ

**ရန်ကုန် ဇူလိုင် ၇**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်မဲ့ပစ္စည်းများကို တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာအတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၃၆၀၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် ဇွန် ၁ ရက်မှ ၃၀ ရက်အတွင်း တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း (ခန့်မှန်းတန်ဖိုး ကျပ် ၃၆၉၁ ဒသမ ၀၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ သိမ်းဆည်းမိခဲ့ရာတွင် ရန်ကုန်ဆိပ်ကမ်းက တားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၄၀၈ ဒသမ ၃၈၂ သန်းခန့်)၊ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) အထူးကင်းအဖွဲ့က တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးကျပ် ၁၅၄ ဒသမ ၀၇၈ သန်းခန့်)၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၃၅ မှု (ခန့်မှန်းတန်ဖိုးကျပ် ၂၅၀ ဒသမ ၉၃၉ သန်းခန့်)၊ ရေပူစစ်ဆေးရေးစခန်းက တားဆီးမှု ၁၃၆ မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၂၅၅ ဒသမ ၁၀၂ သန်းခန့်)၊ မရမ်းချောင်စစ်ဆေးရေးစခန်းက တားဆီးမှု ၁၇၁ မှု (ခန့်မှန်းတန်ဖိုးကျပ် ၇၀၂ ဒသမ ၄၁၃ သန်းခန့်)၊ ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၄၉ ဒသမ ၄၁၀ သန်းခန့်)၊ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၇ ဒသမ ၉၂၅ သန်းခန့်)၊ မူဆယ်မြို့နယ် OSS စစ်ဆေးရေးစခန်းက တားဆီးမှု ၄၉ မှု (ခန့်မှန်းတန်ဖိုးကျပ် ၃၉၆ ဒသမ ၇၁၇ သန်းခန့်)၊ တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၀၄ ဒသမ ၆၀၄ သန်းခန့်)၊ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုး ကျပ် ၅၁ ဒသမ ၄၅၀ သန်းခန့်) စုစုပေါင်း ၄၁၈ မှု (ခန့်မှန်းတန်ဖိုး ကျပ် ၃၆၉၁ ဒသမ ၀၂ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ သိမ်းဆည်းရမိခဲ့ရာတွင် ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇွန် ၃၀ ရက်က ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနက ဒုတိုင်းဒေသကြီးဦးစီးမှူး ဦးဆောင်သော တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့က ဘုရားကြီးမြို့ အဝင် တိုးဂိတ်အနီး ရှောင်တခင်စစ်ဆေးခဲ့ရာ Mitsubishi Fuso Truck ခြောက်ဘီးယာဉ် နှစ်စီးနှင့် Toyota Hiace ယာဉ်နှစ်စီးပေါ်တွင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော ထိုင်းနိုင်ငံထုတ် Chang Beer (250) Pkgs၊ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အထည်မျိုးစုံဆိုဒ်စုံ၊ စားသောက်ကုန်မျိုးစုံနှင့် သယ်ဆောင်သည့် ယာဉ်လေးစီး အပါအဝင် ခန့်မှန်းတန်ဖိုးကျပ် ၇၃ ဒသမ ၀၉၈ သန်းကို သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**



# တာမွေမြို့နယ်တွင် လူသတ်မှုကျူးလွန်သူ အမျိုးသမီးအား ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် ဇူလိုင် ၇**



ရန်ကုန်မြို့ တာမွေမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ၁၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၆ ရက် ညနေ ၈ နာရီခန့်တွင် တာမွေမြို့နယ်နေ မ----- သည် နေအိမ်၌ ရှိနေစဉ် အစ်မဖြစ်သူ မကေကေအောင်သည် ၎င်း၏အိမ်အောက်ထပ် မီးဖိုခန်းတွင် လည်ပင်းသုံးလက်မခန့် ပြတ်ရှဒဏ်ရာ၊ ဝဲပါး တစ်လက်မခန့်ပြတ်ရှဒဏ်ရာ၊ ဝဲတံတောင် ပွန်းပဲ့ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် တာမွေမြို့မရဲစခန်းတွင် အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မေးမြန်းစစ်ဆေးချက်များအရ ၎င်းနေအိမ်တွင် နေထိုင်သူ မရွှန်းလဲ့ဝေ(ခ)ရကောက်က မကေကေအောင်သည် ညနေ ၆နာရီကျော်တွင် ၎င်းနေထိုင်မကောင်းသဖြင့် စားစရာများနှင့်အတူ နေအိမ်သို့ရောက်ရှိ လာကြောင်း၊ ထို့နောက် နေအိမ်အပေါ်ထပ်တွင် စကားပြောဆိုပြီး အောက်ထပ်သို့ဆင်းသွားခဲ့ကြောင်း၊ ခဏအကြာ ၎င်းက နေအိမ်ဝရန်တာမှနေ၍ အောက်သို့ကြည့်ရာ မကေကေအောင်၏ မော်တော်ယာဉ်မှာ နေအိမ်ရှေ့တွင် ရှိနေသည်ကို တွေ့ရသဖြင့် နေအိမ်အောက်ထပ်သို့ ဆင်းကြည့်ရာ မကေကေအောင်မှာ မီးဖိုခန်းအတွင်းသွေးအိုင်ထဲတွင် မှောက်လျက်အနေအထားဖြင့် လဲကျနေသည်ကိုတွေ့ရှိရကြောင်း၊ အခင်းဖြစ်နေရာအနီးတွင် သက်မှူးခင်(ခ)သက်နှင်းအေးကို တွေ့ရကြောင်း စစ်ဆေးသိရသည်။

သို့ဖြစ်၍ သက်မှူးခင်(ခ)သက်နှင်းအေးကို ဆက်လက်စစ်ဆေးရာ ၎င်းသည် သေဆုံးသူ မကေကေအောင်၏ မောင်အရင်းဖြစ်သူနှင့် ချစ်ကြိုက်နေသည့်အတွက် ၎င်းတို့ချစ်ခြင်းကိုမခွဲရန် မကေကေအောင်ကို ပြောဆိုခဲ့ကြောင်း၊ ယင်းသို့ပြောဆိုစဉ် လက်မခံသဖြင့် အချေအတင် စကားများခဲ့ကြကြောင်း၊ ထို့နောက် မကေကေအောင်က မီးဖိုချောင်အတွင်းမှလှည့်အထွက်တွင် ၎င်းကို နောက်မှသိုင်းဖက်ကာ အနီးရှိဟင်းရွက်လှီးဓားဖြင့် ထိုးခဲ့ခြင်းဖြစ်ကြောင်းနှင့် ထို့နောက် ဓားကို မီးဖိုချောင်အခန်းထောင့်တွင် လွှင့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သက်မှူးခင်(ခ)သက်နှင်းအေး (၂၁) နှစ်ကို ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပရီမီယာလိဂ်တန်းတက်မိတ်ဆက်(၂)

# ကြမ်းတမ်းတဲ့ခရီးလမ်းကို အန်တုကျော်ဖြတ်လာတဲ့ ဘရိုက်တန်

ပြီးခဲ့ရာသီ ချန်ပီယံရှစ်ပြိုင်ပွဲအတွင်းမှာ ချန်ပီယံဖြစ်လောက်တဲ့အထိ ခြေစွမ်းပြနိုင်ခဲ့ကာ နောက်ဆုံးပွဲမှသာ ခြေချော်မှုနဲ့အတူ ဒုတိယနေရာသာရရှိပြီး ပရီမီယာလိဂ်ကို တက်ရောက်လာနိုင်ခဲ့တဲ့ ဘရိုက်တန်ဟာ လက်ရှိအချိန်မှာ ပရိသတ်နဲ့တော့ အနည်းငယ်စိမ်းနေနိုင်တယ်လို့ ဆိုရမယ်။



အထူးသဖြင့် ဘရိုက်တန်ဟာ အင်္ဂလန်ဘောလုံးလောကမှာ အောင်မြင်မှုတွေ အများအပြားရယူပြီး ထိပ်တန်းအဆင့်မှာ ရပ်တည်နိုင်ခဲ့တဲ့ အသင်းတစ်သင်းမဟုတ်ဘူး။ ဘရိုက်တန်ဟာ အသင်းကို ၁၉၀၁ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တာဆိုတော့ ကလပ်အသင်းသက်တမ်းက ၁၁၆ နှစ်တိတိ ရှိပြီဖြစ်ပေမယ့် ၁၉၁၀ ပြည့်နှစ်မှာ ပထမတန်းချန်ပီယံဗိုလ်ကို အနိုင်ယူပြီး ရယူနိုင်ခဲ့တဲ့ ကွန်မြူနတီဒိုင်းတစ်ခုသာ အောင်မြင်မှုအဖြစ်ပြစရာရှိသလို ဘရိုက်တန်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် နာမည်ပြောင်းခဲ့ပြီးနောက်အခုမှသာ ပထမဆုံးအကြိမ်အဖြစ် တက်လှမ်းလာနိုင်ခဲ့တဲ့ တာလည်းဖြစ်ပါတယ်။ ဒါကြောင့် ဘရိုက်တန်ဟာ အစဉ်အလာအရရော အောင်မြင်မှုအရပါ အားနည်းမှုတွေရှိနေတဲ့ အသင်းလို့ဆိုနိုင်တယ်။ ဒီတော့ လာမယ့်ရာသီပရီမီယာလိဂ်ပြိုင်ပွဲမှာ ဘရိုက်တန်အနေနဲ့ တည်ငြိမ်မှုတစ်ခုကို ရှာဖွေနိုင်ပါ့မလားဆိုတာကပါ စိတ်ဝင်စားဖို့ကောင်းလာတယ်။

### ဘရိုက်တန်ရဲ့ခရီးကြမ်း

ပြောရရင် ဘရိုက်တန်ဟာအခုလို ပရီမီယာလိဂ်ပြိုင်ပွဲကို တက်ရောက်လာနိုင်ဖို့အတွက် ဖြတ်သန်းခဲ့ရတဲ့ခရီးကလည်း တော်တော်လေးကြမ်းတယ်။ အသင်းတည်ထောင်ပြီးတဲ့အချိန်ကစလို့ နှစ်ပေါင်း ၇၈ နှစ်တိတိ အောက်တန်းအဆင့်ပြိုင်ပွဲတွေမှာ သာတောက်လျှောက်ကျင်လည်ခဲ့ရတဲ့ အသင်းဖြစ်ပြီး ၁၉၇၉-၁၉၈၀ ဘောလုံးရာသီမှသာ ထိုစဉ်က အင်္ဂလန်ရဲ့ အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်တဲ့ ပထမတန်းပြိုင်ပွဲ (ယခုပရီမီယာလိဂ်)ကို ပထမဆုံးအကြိမ်အဖြစ် စတင်တက်ရောက်နိုင်ခဲ့တာဖြစ်တဲ့အထိ ဘရိုက်တန်ဟာ အစောပိုင်းနှစ်တွေအတွင်း ခက်ခဲမှုတွေနဲ့ ဘယ်လောက်ရင်ဆိုင်ခဲ့ရသလဲဆိုတာ မြင်သာတယ်။

ဒါ့အပြင် အဲဒီလို တန်းတက်လာခဲ့ပြီးတဲ့နောက်မှာလည်း ဘရိုက်တန်ဟာ အဆိုပါ ပထမတန်းပြိုင်ပွဲမှာ ဘောလုံးရာသီ လေးရာသီသာ ကျင်လည်နိုင်ခဲ့ပြီး ၁၉၈၂-၁၉၈၃ ရာသီမှာ အဆိုပါ ပထမတန်းပြိုင်ပွဲအတွင်း အဆင့် ၂၂ နေရာမှာ သာရပ်တည်နိုင်ခဲ့လို့ ဒုတိယတန်းကို ပြန်လည်ဆင်းသက်ခဲ့ရပြန်ပါတယ်။ ဒါ့အပြင် အဲဒီလို တန်းဆင်းပြီးတဲ့နောက်ပိုင်းမှာလည်း ဘရိုက်တန်ဟာ အင်္ဂလန်ရဲ့အဆင့်အမြင့်ဆုံး အမှတ်ပေးပြိုင်ပွဲနဲ့ ဝေးကွာခဲ့ရတာဖြစ်ပြီး အခုနှစ်ပေါင်း ၃၄ နှစ်ကြာမှသာ အင်္ဂလန်ရဲ့ အဆင့်အမြင့်ဆုံး အမှတ်ပေးပြိုင်ပွဲတစ်ရပ်ဖြစ်တဲ့ ပရီမီယာလိဂ်ကို ပြန်လည်ခြေချလာနိုင်ခဲ့တာဖြစ်တယ်။

တိတိကျကျပြောရရင်တော့ ဘရိုက်တန်ဟာ ကလပ်သက်တမ်း ၁၁၆ နှစ်အတွင်းမှာ အောင်မြင်မှုတွေ ထိထိမိမိ ရယူနိုင်ခြင်း မရှိခဲ့သလို အင်္ဂလန်ရဲ့ အဆင့်အမြင့်ဆုံး အမှတ်ပေးပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့တဲ့နှစ်ဟာ လေးနှစ်သာ ရှိခဲ့ပြီး ကျန်နှစ်ပေါင်း ၁၁၂ နှစ်စလုံးကို အောက်တန်းပြိုင် ပွဲ တွေ မှာ သာ ကျင် လည် ခဲ့ ရ တာ ဖြစ်တယ်။ အထူးသဖြင့် ၁၉၈၂-၁၉၈၃ ရာ သီ အ ကုန် မှာ ပထမတန်းပြိုင်ပွဲကနေ တန်း ဆင်း ခဲ့ ရ ပြီး တဲ့ နောက် ဘရိုက်တန်ဟာ ဒုတိယတန်းပြိုင်ပွဲမှာသာ အများစု ကျင်လည်ခဲ့ရတာ မှန်ပေမယ့်လည်း ၁၉၉၆-၁၉၉၇ ရာသီကနေ ၂၀၀၀-၂၀၀၁ ရာသီအတွင်းမှာဆိုရင် အင်္ဂလန်ဘောလုံးလောကရဲ့ စတုတ္ထတန်းပြိုင်ပွဲအထိတောင် ဆင်းသက်ကစားခဲ့ရတဲ့အထိ အသင်းရဲ့အခြေအနေတွေက ယိမ်းယိုင်ခဲ့တယ်။

### တည်ငြိမ်စပြုတဲ့အချိန်

ဘရိုက်တန်အနေနဲ့ အဲဒီနောက်မှာ စတုတ္ထတန်းပြိုင်ပွဲအထိ ဆင်းသက်ကစားရမှုမရှိတော့ဘဲ အနည်းငယ်တည်ငြိမ်မှုရရှိလာခဲ့ပြီး ၂၀၀၀-၂၀၀၁ ရာသီမှာ စတုတ္ထတန်းပြိုင်ပွဲအတွင်း ချန်ပီယံဖြစ်မှုကြောင့် တတိယတန်း ၂၀၀၁-၂၀၀၂ ရာသီမှာ ရောက်ရှိခဲ့ပါတယ်။ အဆိုပါပြိုင်ပွဲမှာလည်း ချန်ပီယံဖြစ်ခဲ့မှုနဲ့အတူ ၂၀၀၂-၂၀၀၃ ရာသီမှာ ဒုတိယတန်းကို ပြန်လည်ရောက်ရှိလာခဲ့တာ ဖြစ်တယ်။

ဒါပေမယ့် ဘရိုက်တန်ဟာ အဆိုပါနှစ်မှာတင် ဒုတိယတန်းကနေ တန်းပြန်ဆင်းခဲ့ရကာ ၂၀၀၄-၀၅ မှသာ ဒုတိယတန်းပြိုင်ပွဲဖြစ်တဲ့ ချန်ပီယံရှစ်ပြိုင်ပွဲကို ပြန်လည်တက်ရောက်နိုင်ခဲ့ပေမယ့်လည်း ၂၀၀၅-၀၆ မှာ တန်းပြန်ဆင်းခဲ့ရပါတယ်။ ၂၀၁၀-၁၁ ရာသီအထိ တတိယတန်းပြိုင်ပွဲဖြစ်တဲ့ လိဂ်ဝမ်းပြိုင်ပွဲမှာ ဘောလုံးရာသီ ငါးရာသီတိတိ ဆင်းသက်ကစားရခဲ့ရတဲ့အထိ အသင်းရဲ့အခြေအနေက ယိမ်းယိုင်ခဲ့ရတယ်။ ဒါကြောင့်လည်း ဘရိုက်တန်ဟာ အနိမ့်အမြင့်အတက်အကျတွေ များလွန်းခဲ့တယ်လို့ ဆိုရမှာဖြစ်ပြီး ကလပ်အသင်းရဲ့ အချိန်အများစုဟာလည်း အောက်တန်းပြိုင်ပွဲတွေမှာသာ ကုန်ဆုံးခဲ့ရတဲ့အသင်းလည်း ဖြစ်ပါတယ်။

ဒါပေမယ့်လည်း ၂၀၁၀ ပြည့်လွန်နှစ်တွေမှာတော့ ဘရိုက်တန်ရဲ့အခြေအနေဟာ အကောင်းဘက်ကို ပြန်လည်ဦးတည်လာနိုင်တယ်လို့ဆိုရမှာဖြစ်ပါတယ်။ ၂၀၀၆-၂၀၀၇ မှာ တတိယတန်းပြိုင်ပွဲဖြစ်တဲ့ လိဂ်ဝမ်းပြိုင်ပွဲကို ဆင်းသက်ခဲ့ရတဲ့ ဘရိုက်တန်ဟာ ၂၀၁၀-၂၀၁၁ ရာသီမှာတော့ လိဂ်ဝမ်းပြိုင်ပွဲအတွင်း ချန်ပီယံဖြစ်မှုနဲ့အတူ ၂၀၁၁-၂၀၁၂ ရာသီမှာ ဒုတိယတန်းဖြစ်တဲ့ လိဂ်ချန်ပီယံရှစ်ကို ပြန်လည်တက်ရောက်နိုင်ခဲ့တဲ့အပြင် နောက်ပိုင်းမှာ တန်းပြန်ဆင်းရခြင်းမရှိခဲ့ဘဲ ပရီမီယာလိဂ်ပြိုင်ပွဲကို တက်ရောက်နိုင်လုနီး အခြေအနေမျိုးတွေအထိ အကြိမ်ကြိမ်စွမ်းဆောင်နိုင်ခဲ့တာကိုလည်း တွေ့ရတယ်။

ဘရိုက်တန်ဟာ ၂၀၁၁-၂၀၁၂ ရာသီမှာ ချန်ပီယံရှစ်ကို တက်ရောက်လာနိုင်ခဲ့ပြီးတဲ့နောက်မှာ ပရီမီယာလိဂ်ကို တက်ရောက်နိုင်လောက်တဲ့ အခွင့်အရေးတွေကိုတောင် အကြိမ်ကြိမ် ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ လိဂ်ချန်ပီယံရှစ်မှာ ကစားခဲ့တဲ့ အခုနောက်ဆုံး ဘောလုံးရာသီ ခြောက်ရာသီအနက် လေးရာသီမှာ ပရီမီယာလိဂ်ကို ရောက်နိုင်ခွင့်နဲ့ နီးစပ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်အရင် သုံးကြိမ်ကတော့ နီးစပ်ရုံသာရှိခဲ့ပြီး အောင်မြင်ခြင်းတော့ မရှိခဲ့ပါဘူး။

### ကံမကောင်းတဲ့အသင်း

အရှင်းဆုံးပြောရရင်တော့ ဘရိုက်တန်ဟာ ၂၀၁၂-၂၀၁၃ ရာသီတုန်းကဆိုရင် ချန်ပီယံရှစ်မှာ အဆင့် ၄ နေရာရခဲ့လို့ ပရီမီယာလိဂ်ပြိုင်ပွဲကို တက်ရောက်နိုင်ခွင့်အတွက် အဆုံးအဖြတ်ပွဲ ကစားခွင့်ရခဲ့ပေမယ့် အဆိုပါအဆုံးအဖြတ်ပွဲမှာ ဘရိုက်တန်ဟာ ပဲလေ့စ်ကို ရှုံးနိမ့်ခဲ့ရသလို ဆက်တိုက်ဆိုသလို ၂၀၁၃-၂၀၁၄ ရာသီမှာလည်း ဘရိုက်တန်ဟာ တန်းတက်ခွင့်အဆုံးအဖြတ်ပွဲမှာ ဒါဘီကို အရေးနိမ့်ခဲ့ရပြန်ပါတယ်။ ၂၀၁၅-၂၀၁၆ ရာသီမှာလည်း ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း အဆင့် ၃ ရခဲ့လို့ တန်းတက်ခွင့်အတွက် အဆုံးအဖြတ်ပွဲ ထပ်ကစားခဲ့ရပေမယ့် အဆိုပါ အဆုံးအဖြတ်ပွဲမှာလည်း ရှက်ဖီးလ်ဝင့်စ်ဒေးကို ထပ်မံအရေးနိမ့်ခဲ့ရတဲ့အတွက် ဘရိုက်တန်တို့ ပရီမီယာလိဂ်နဲ့ ဝေးကွာခဲ့ရကာ ပြီးခဲ့တဲ့ရာသီကမှသာ ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း ဒုတိယရမှုနဲ့အတူ ပရီမီယာလိဂ်ကို တိုက်ရိုက်တက်ရောက်ခွင့် ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ၂၀၁၀ ပြည့်လွန်နှစ်တွေဟာ ဘရိုက်တန်ရဲ့ အတည်ငြိမ်ဆုံးကာလတွေလို့တောင် ဆိုရမှာဖြစ်ပါတယ်။

အထူးသဖြင့် ပြီးခဲ့တဲ့ ချန်ပီယံရှစ်ပြိုင်ပွဲမှာဆိုရင် ဘရိုက်တန်ဟာ ချန်ပီယံဖြစ်လောက်တဲ့အထိ ခြေစွမ်းပြသနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ နောက်ဆုံးပွဲ မကစားခင်အထိ အမှတ်ပေးဇယားရဲ့ထိပ်ဆုံးမှာ တစ်မှတ်အသာနဲ့ ရပ်တည်နိုင်ခဲ့တာဖြစ်ပြီး နောက်ဆုံးပွဲမှာ ဗိုလ်ကို သရေသာကစားနိုင်ခဲ့တာကြောင့်သာ ဘန်လေကိုအနိုင်ရခဲ့တဲ့ နယူးကာဆယ်က ချန်ပီယံဖြစ်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဘရိုက်တန်ဟာ မနှစ်ကရာသီလိဂ်ချန်ပီယံရှစ်မှာ တိုက်စစ်ပိုင်း ထက်မြက်ခဲ့သလို နယူးကာဆယ်ပြီးနောက် ဒုတိယဂိုးသွင်းအများဆုံးအဖြစ် ၇၈ ဂိုးတိတိ သွင်းယူနိုင်ခဲ့ကာ ခံစစ်ကလည်း ပေးဂိုး ၄၀ သာရှိခဲ့ပြီး နယူးကာဆယ်နဲ့အတူ ပေးဂိုးအနည်းဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့တာကိုပါ တွေ့ရပါတယ်။

### လိုအပ်ချက်များကြားကအသင်း

ဒါ့အပြင် လက်ရှိအချိန်မှာ ဘရိုက်တန်က အင်ဂျေ့စတက်အသင်း ကွင်းလယ်ကစားသမား ပါစကယ်ဂရို၊ ဆဲလ်တစ် ညာတောင်ပံခံစစ်မှူး ဂျို့စ်ကာ၊ ဗလင်စီယာ ဂိုးသမား မက်သရူးရိုင်ယန်တို့ကို အားဖြည့်ခေါ်ယူထားတာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း ဘရိုက်တန်အနေနဲ့ ပရီမီယာလိဂ်လို ခက်ခဲတဲ့ပြိုင်ပွဲမှာ ချက်ချင်းတန်းပြန်မဆင်းရဖို့ဆိုရင်တော့ ဒီထက်ပိုမိုကောင်းမွန်တဲ့ အားဖြည့်မှုတွေကို လုပ်ဆောင်နိုင်ဖို့ လိုအပ်နေပါတယ်။ အထူးသဖြင့် ဘရိုက်တန်အနေနဲ့ အသင်းရဲ့ အဓိကဂိုးသမား ဒေးဗစ်စတော့ ဒါလီက အသင်းပြောင်းသွားပြီဖြစ်သလို အရန်ဂိုးသမား နီကီမာပါကလည်း အသင်းက ထွက်ခွာဖို့ရှိနေတာကြောင့် ဂိုးသမားနေရာကအစ ထပ်မံအားဖြည့်ဖို့လိုအပ်နေပါတယ်။

ဒါ့အပြင် ဘရိုက်တန်ဟာ မနှစ်က တိုက်စစ်ပိုင်းအားကောင်းခဲ့တယ် ဆိုပေမယ့်လည်း ဂိုးရရှိဖို့အတွက် (၃၃) နှစ် အရွယ် တိုက်စစ်မှူး ဂလင်းမာရေးအပေါ်မှာ အများစုမှီခိုခဲ့ရတာဖြစ်လို့ တိုက်စစ်ပိုင်းကိုပါ ထပ်မံအားဖြည့်ဖို့ လိုအပ်နေခဲ့ပါတယ်။ ဒါ့အပြင် ဘရိုက်တန်ရဲ့ လက်ရှိမန်နေဂျာ ခရစ္စဟက်တန်ဟာ စပါး၊ နယူးကာဆယ်တို့မှာ လက်ထောက်မန်နေဂျာအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်ပေမယ့် နယူးကာဆယ်နဲ့အတူ ပရီမီယာလိဂ်ပွဲအတွင်း ကိုင်တွယ်ခွင့်ရခဲ့ရာမှာတော့ ရလဒ်ဆိုးရွားမှုတွေကြောင့် ထုတ်ပယ်ခံခဲ့ရဖူးသူဖြစ်ပါတယ်။

### ဘရိုက်တန်၏မှတ်တမ်း

| | |
|---|---|
| တည်ထောင်သည့်နှစ် | ၁၉၀၁ |
| အိမ်ကွင်း | ဖဲလ်မား |
| ဝင်ဆံ့မှု | ၃၀၇၅၀ |
| ဥက္ကဋ္ဌ | တိုနီဘလွန်းမ် |
| မန်နေဂျာ | ခရစ္စဟက်တန် |

**အောင်မြင်မှုများ**

ကွန်မြူနတီဒိုင်းချန်ပီယံ - ၁ ကြိမ် (၁၉၁၀)

**ဂန္ထဝင်ကစားသမားများ**

| | |
|---|---|
| ပီတာဝက်ဒ် | ၁၉၄ ပွဲ၊ ၈၁ ဂိုး |
| ဘက်စတီဖန် | ၁၈၃ ပွဲ၊ ၈၇ ဂိုး |
| မိုက်ကယ်ရော်ဘင်ဆင် | ၁၁၃ ပွဲ၊ ၃၇ ဂိုး |
| စတိဗ်ဖော်စတာ | ၁၇၂ ပွဲ၊ ၆ ဂိုး |
| ဂျင်မီကာဆီ | ၁၅၉ ပွဲ၊ ၁၀ ဂိုး |
| ဘရိုင်ယန်ဟက်တန် | ၂၁၈ ပွဲ၊ ၃၃ ဂိုး |
| အီရန်ကတ်မန်း | ၂၈၁ ပွဲ၊ ၁၄ ဂိုး |

ဒါကြောင့်လည်း ဘရိုက်တန်အနေနဲ့ ၂၀၁၀ ပြည့်လွန်နှစ်တွေမှာ တိုးတက်မှုတွေ ရရှိလာခဲ့ပြီး သူတို့သမိုင်းကြောင်းတစ်လျှောက် ပရီမီယာလိဂ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့တာ မှန်ပေမယ့် ပရီမီယာလိဂ်မှာ ကာလရှည် ရပ်တည်နိုင်ဖို့ဆိုရင်တော့ လက်ရှိအနေအထားနဲ့ ပြည့်စုံပြီလို့ မဆိုနိုင်သေးပါဘူး။ အထူးသဖြင့် ပြီးခဲ့တဲ့ ချန်ပီယံရှစ်မှာ ချန်ပီယံဖြစ်လောက်တဲ့အထိ ခြေစွမ်းပြနိုင်ခဲ့တာ မှန်ပေမယ့် ပရီမီယာလိဂ်နဲ့ ချန်ပီယံရှစ်ဆိုတာ အဆင့်တစ်ခု ကွာခြားနေတာနဲ့အမျှ ဘရိုက်တန်အနေနဲ့ အားဖြည့်မှုတွေ ထပ်မံလုပ်ဆောင်နိုင်ပါမှ တော်ကာကျမယ်လို့သာ ဆိုချင်မိပါတယ်။

ရှိုင်းမင်းမင်း





## လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးနှင့် မှုခင်းကျဆင်းရေး သင်တန်းဖွင့်လှစ်သင်ကြားပေး

**မန္တလေး ဇူလိုင် ၇**

လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးနှင့် မှုခင်းကျဆင်းရေးအတွက် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ခန်းမသို့ သွားရောက်၍ တာဝန်ထမ်းလျက်ရှိသော လုံခြုံရေးဝန်ထမ်းများကို ဇူလိုင် ၅ ရက်က အဆိုပါလေဆိပ်ရှိ အစည်းအဝေးခန်းမ၌ သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)မိတ္ထီလာမှ တပ်ဖွဲ့စိတ်မှူး ဒု-ရဲမှူးဝင်းညွှန့်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ခန်းမသို့ သွားရောက်၍ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော MC Jalux Airport Services Co;Ltdမှ လုံခြုံရေးဝန်ထမ်း ၂၀ နှင့် လေကြောင်း ရဲတပ်ဖွဲ့မှ အမျိုးသမီးတပ်ဖွဲ့ဝင် နှစ်ဦးတို့အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဆိုင်ရာဆောင်ရွက်ချက်များ၊ လူကုန်ကူးခံရသူများအား စိစစ်ဖော်ထုတ်ခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းဘာသာရပ်များအား သင်ကြားပို့ချခဲ့ပြီး လူကုန်ကူးခြင်းနှင့် လူမှောင်ခိုခြင်း ကွဲပြားခြားနားမှုများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မန္တလေးမြို့အခြေခံကျောင်းများတွင် ရိုးရာယဉ်ကျေးမှုဖြစ်သည့် ဝါဆိုပန်းကပ်လှူခြင်းဓလေ့ကို ဖော်ထုတ်

**မန္တလေး ဇူလိုင် ၇**

မြန်မာလူမျိုးတို့၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဝါဆိုလတွင် ဝါဆိုပန်း ဆက်ကပ်လှူဒါန်းခြင်း ဓလေ့ကို မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင် ဖော်ထုတ်ထိန်းသိမ်းလျက်ရှိကြောင်းသိရသည်။

ဆယ့်နှစ်လရာသီပွဲတော်များတွင် လအလိုက်တည်ရှိနေသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သိရှိတန်ဖိုးထားထိန်းသိမ်းလာစေရန်နှင့် မူလတန်းအရွယ်ကတည်းက ယဉ်ကျေးလိမ္မာပြီး ဘာသာရေးအသိဖြင့် လှူဒါန်းလိုစိတ်များဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြုစုပျိုးထောင်ပေးခြင်းဖြစ်ကြောင်း အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီးဘုရားသို့ ဝါဆိုပန်းများ ဆပ်ကပ်လှူဒါန်းရန် လာရောက်ကြသည့် အမှတ်-၁၂ အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်စန်အေးက ပြောကြားသည်။



ထို့အပြင် ချမ်းသာကြီးဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌက "ဝါဆိုလရောက်ရင် ကျောင်းတော်တော်များများက ကျောင်းသား ကျောင်းသူတွေနဲ့ ဆရာ မိဘတွေ ပူးပေါင်းပြီး အခုလို ဝါဆိုပန်းဆက်ကပ်တဲ့အလှူကို လာရောက် လှူဒါန်းလေ့ရှိပါတယ်။ ဒီလိုအစဉ်အလာကောင်းတွေအရ ရှေးစာဆိုတစ်ခုအနေနဲ့ ပြောရရင် အိုးများမှာ ရိုက်နှိပ်ထားတဲ့ တံဆိပ်တွေဟာ အိုးကွဲသွားပေမယ့်လည်း ဒီတံဆိပ်တွေက မပျက်ပြယ်သလိုအခုလို နေ့ထူးနေ့မြတ်တွေမှာ လာရောက်ကုသိုလ်ပြုကြတဲ့ ကျောင်းသား ကျောင်းသူကလေးတွေအနေနဲ့ လည်းအသက်အရွယ်ကြီးရင့်သွားသည့်တိုင်အောင် ဘာသာစိတ်၊ ဘာသာတံဆိပ်တွေကို စွဲမြဲစွာ ခတ်နှိပ်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်" ဟု ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဝါဆိုလပြည့်နေ့မှစတင်ကာ ငှက်လှေများအန္တရာယ်မဖြစ်စေရေး စောင့်ကြည့်ကူညီပေးမည်



**မန္တလေး ဇူလိုင် ၇**

ဝါဆိုလပြည့်နေ့တွင် နှစ်စဉ်နှစ်တိုင်း ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူ၊ ငှက်လှေစီးသူ၊ ရေကစားသူများ များပြားလေ့ရှိသည်။ ဝါဆိုလပြည့်တွင် ရေတိုးချိန်ဖြစ်သည့်အတွက် ရေကစားသူများလည်းရှိသည်။ ယခုနှစ်တွင် ဝါဆိုလပြည့်မှစတင်ကာ လုံခြုံရေး ငှက်လှေများ ဦးပိန်တံတားဝန်းကျင်တွင် အလှည့်ကျလှော်ခတ်ကာ စောင့်ကြည့်ပေးသွားမည်ဖြစ်သည်။ လာရောက်လည်ပတ်သူများ ရေနစ်မှုမဖြစ်စေရေး၊ ရေအန္တရာယ်မဖြစ်စေရန်အတွက် ဂရုတစိုက်စောင့်ကြည့်ပေးသွားမည်ဖြစ်သည်။ ရေနစ်သေဆုံးမှုမရှိစေရေး၊ ဧည့်သည်များအန္တရာယ်ကင်းရေးအတွက် ငှက်လှေအဖွဲ့မှပရဟိတလုပ်ဆောင်မည် ဖြစ်သည်။ လက်ရှိကာလတွင် ငှက်လှေ ၂၆ စင်းဖြင့် ငှက်လှေဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လျက်ရှိပြီး ဝါဆိုလပြည့်နေ့တွင် ငှက်လှေ ၄၆ စင်းဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

တောင်သမန်အင်းနှင့် ဦးပိန်တံတားသည် ပြည်တွင်းပြည်ပမှ ဧည့်သည်များ အများဆုံးလာရောက်သည့်နေရာပင်ဖြစ်သည်။ ဦးပိန်တံတားရောက် ဧည့်သည်များမှာ ဦးပိန်တံတားပေါ် လမ်းလျှောက်ကာ တောင်သမန်ကျောက်တော်ကြီးဘုရားဖူးခြင်း၊ မည်စည်ပင်ရိပ်များတွင် အနားယူအပမ်းဖြေခြင်းနှင့် ငှက်လှေအပျော်စီးခြင်းများ ပြုလုပ်လေ့ရှိသည်။

နွေရာသီရေနည်းချိန်တွင် ငှက်လှေစီးသူနည်းပါးလေ့ရှိသည်။ လက်ရှိကာလတွင် ရေဦးတိုးချိန်၊ တောင်သမန်အင်းအတွင်း မြစ်ရေစတင်ဝင်ရောက်လာပြီဖြစ်သည့်အတွက် ငှက်လှေစီးသူများပြားလျက်ရှိသည်။ငှက်လှေစီးခမှာ ပြည်တွင်းဧည့်သည်များစီးပါက ငှက်လှေတစ်စီးငွေကျပ်ခုနစ်ထောင်ပေးရသည်။ နိုင်ငံတကာခရီးသွားဧည့်သည်များစီးပါက ငွေကျပ် ၁၅၀၀၀ ယူလေ့ရှိသည်။

မနက်ခင်းတွင် ငှက်လှေကို သီးသန့်စီးသည့်အတွက် မြန်ဆန်သည်။ ညနေပိုင်းတွင် နေဝင်ဆည်းဆာ အလှကြည့်ရှုခြင်း၊ အလှဓာတ်ပုံရိုက်ကူးမှုများခြင်းကြောင့် လှေကိုလိုအပ်သည့်နေရာပတ်ကာ လှော်ပေးရသည့်အတွက် အချိန်ကြာမြင့်လေ့ရှိသည်။ လက်ရှိကာလတွင် တောင်သမန်အင်းအတွင်း မြစ်ရေစတင်ဝင်ရောက်နေပြီဖြစ်သည့်အတွက် ငှက်လှေစီးသူများပြားလျက်ရှိသည်။ အထူးသဖြင့် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ငှက်လှေစီးသူပိုမိုများပြားသည့်အတွက် တောင်သမန်အင်းမှငှက်လှေသမားများ အလုပ်ဖြစ်လျက်ရှိသည်။ ဝါဆိုလပြည့်နေ့မှစတင်၍ လုံခြုံရေးငှက်လှေအလှည့်ကျလှော်ခတ်ကာ ရေနစ်မှု မရှိစေရန် ဆောင်ရွက်ပြီး ဦးပိန်တံတားပေါ်တွင် လှုပ်ရမ်းကာ တိုင်များနဲ့ခြင်းမဖြစ်ရအောင် သတိပေးထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ငှက်လှေအသင်းဥက္ကဋ္ဌ ကိုစိုးဝင်းက ပြောပြသည်။

**(တိမ်တမန်)**

## မီးလောင်ကျွမ်းခဲ့သည့် အဆင့်မြင့်မင်္ဂလာဈေး အဆောက်အအုံဖျက်သိမ်း

**ချမ်းအေးသာစံ ဇူလိုင် ၇**

၂၀၁၆ ခုနှစ်မတ် ၂၂ ရက်က မီးလောင်ကျွမ်းခဲ့သည့် မန္တလေး ချမ်းအေးသာစံမြို့နယ် လမ်း (၃၀) နှင့် (၇၃) လမ်းထောင့်ရှိ အဆင့်မြင့်မင်္ဂလာဈေးအား အသစ်ပြန်လည်တည်ဆောက်ရန် အဆောက်အအုံဟောင်းပြန်လည်ဖျက်သိမ်းခြင်းလုပ်ငန်းများကို ဇူလိုင်လဆန်းပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် ဇူလိုင် ၅ ရက်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှူးနှင့် အင်ဂျင်နီယာများက ဖျက်သိမ်းနေမှုများအားကွင်းဆင်းစစ်ဆေးသည်။

မင်္ဂလာဈေးဖျက်သိမ်းခြင်းလုပ်ငန်းအား အဆောက်အအုံဟောင်းလုပ်ငန်းရှင်များ ပွင့်လင်းမြင်သာစွာ လေလံစနစ်ဖြင့်ခေါ်ယူဆောင်ရွက်ခဲ့ရာ ငွေကျပ်သိန်း ၂၅၂၀ ဖြင့် လုပ်ကိုင်ခွင့်ပြုခဲ့သည်။ အဆောက်အအုံဟောင်းဖျက်သိမ်းခြင်းလုပ်ငန်းအား စာချုပ်ချုပ်ဆိုသည့်နေ့မှ ငါးလအတွင်း အပြီးဖျက်သိမ်းရန်သတ်မှတ်ထားပြီး သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဒဏ်ကြေးငွေ တစ်ရက် ကျပ် ၅၀၀၀၀ သတ်မှတ်ထားသည်။

မီးဘေးသင့်ဈေးသူဈေးသားများ ပုံမှန်ဈေးရောင်းချနိုင်ရန် မဟာအောင်မြေ မြို့နယ် (၃၅) လမ်းနှင့် (၇၁) လမ်းထောင့် မဟာနွယ်စဉ်အားကစားကွင်းတွင် မင်္ဂလာဈေး (ယာယီ)ဖွင့်လှစ်၍ ရောင်းချခွင့်ပြုထားသည်။ ဖျက်သိမ်းခြင်းလုပ်ငန်းများပြီးစီးပါက နိုင်ငံတကာအဆင့်မီအဆင့်မြင့် မင်္ဂလာဈေးသစ်ကြီးတည်ဆောက်၍ မူလဈေးသည်များအား ပြန်လည်နေရာချထားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ရွှေဘို၌ ငါးမျိုးစိုက်ထည့်

**ရွှေဘို ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့ ရတနာသိဒ်ဓိရာဝတီ မြစ်ကူးတံတားဆိပ်တွင် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ငါးကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးလှိုင်က ငါးမျိုးစိုက်ထည့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ငါးမျိုးအိတ်များကိုပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူ၊ ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများက ငါးကောင်ရေ သုံးသိန်းကို ဧရာဝတီမြစ်အတွင်းသို့ တပျော်တပါး ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **မျိုးမင်း(သာစည်)**

## တိုင်းရင်းဆေးရုံ(မန္တလေး)ကလေးရောဂါပညာနှင့် အကြောပညာသင်တန်းဆင်း

**အောင်မြေသာစံ ဇူလိုင် ၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ(မန္တလေး)တွင် ဖွင့်လှစ်ခဲ့သော ကလေးရောဂါပညာနှင့် အကြောပညာ သင်တန်းဆင်းပွဲကို ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျောင်းရပ်ကွက်ရှိ တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ကုသ)ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြား၍ သင်တန်းပို့ချပေးခဲ့သော တိုင်းရင်းဆေးဆရာကြီးဦးသန်းအုန်းနှင့် ဦးမြင့်အောင်တို့အား ဂုဏ်ပြုလွှာချီးမြှင့်ပြီး သင်တန်းထူးချွန်ဆုရဒေါ်နှင်းအိအိဖြူ (လက်ထောက်တိုင်းရင်းဆေးမှူး၊ ကောကရိတ်မြို့နယ်)အား ဆုချီးမြှင့်သည်။ သင်တန်းဆင်းပွဲသို့ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)ဒုတိယပါမောက္ခချုပ်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းရင်းဆေးစက်ရုံမှူးနှင့်သင်တန်းနည်းပြများ၊ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# ရေကြီးရေလျှံမှုဖြစ်ပွားပါက ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ကလေး၀ ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၏ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေအမှတ်မှာ ၁၅၅၀ စင်တီမီတာဖြစ်ပြီး ဇူလိုင် ၆ ရက်တိုင်းထွာချက်အရ စိုးရိမ်ရေအမှတ်အောက် ၁၅၄၂ စင်တီမီတာသို့ရောက်ရှိနေပြီဖြစ်သဖြင့် ရေများစတင်ဝင်ရောက်လျက်ရှိသည့် မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များနှင့် ချင်းတွင်းမြစ်ကမ်းဘေးရှိ ကျေးရွာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆောင်ပြီး သက်ဆိုင်ရာတာဝန်ရှိသူသည် ရေကြီးရေလျှံမှုဖြစ်ပွားလာပါက ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေးလုပ်ငန်းများ ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ကျွဲ၊ နွားစသည့်တိရစ္ဆာန်များအသက်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး၊ ပြည်သူများအားရေလွတ်ရာနေရာသို့ အချိန်မီပြောင်းရွှေ့ပေးနိုင်ရေးအတွက် မိမိတို့ရပ်ကွက်၊ ကျေးရွာအလိုက် ကယ်ဆယ်ရေးအဖွဲ့များဖွဲ့စည်းထားပြီး ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်နိုင်မည့်နေရာများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြရန် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မော်လိုက်မြို့ပေါ်ရှိ ရေဘေးရှောင်အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**မော်လိုက် ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ရှိ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၏ စိုးရိမ်ရေမှတ်အထက်သို့ရောက်ရှိနေပြီး မြို့တွင်းပိုင်းသို့ ချင်းတွင်းမြစ်ရေဝင်ရောက်မှုကြောင့် မြို့ပေါ်မြေနိမ့်ပိုင်းရှိ အိမ်များ ရေနစ်မြုပ်မှုများဖြစ်ပေါ်နေသည့်အတွက် ရေဘေးကယ်ဆယ်ရေးစခန်း လေးခုဖွင့်လှစ်၍ ပြောင်းရွှေ့ပေးထားရကြောင်း သိရသည်။

အဆိုပါ ယာယီကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်အိမ်ထောင်စုများအတွက် မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များသည် ဇူလိုင် ၅ ရက် မွန်းလွဲပိုင်းက ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ထောက်ပံ့ပစ္စည်းများ သွားရောက်ထောက်ပံ့ပေးခဲ့ကြသည်။

ယင်းထောက်ပံ့ပေးမှုတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ရေသန့်ကတ်များ၊ ငါးဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များကိုလည်းကောင်း၊ မြို့နယ်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အိမ်ထောင်စုတစ်စုလျှင် ပစ္စည်း ငါးမျိုးပါ ပုံးတစ်ပုံးနှင့် ဆန်ဖိုး တစ်ဦးလျှင် တစ်ပတ်စာ ငွေကျပ် ၂၁၀၀ ကိုလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှ ရေသန့်ကတ်များနှင့် ကြက်ဥများကိုလည်းကောင်း ရေဘေးရှောင်အိမ်ထောင်စု ၂၇ စုမှ လူဦးရေ အမျိုးသားအမျိုးသမီး စုစုပေါင်း ၁၃၃ ဦးအတွက် အသီးသီးထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**

# ချင်းတွင်းမြစ်ရေတက်သည့်အတွက် ဟုမ္မလင်းမြို့နယ်အတွင်းရှိ ကျောင်းများ ခေတ္တပိတ်ထား

**ဟုမ္မလင်း ဇူလိုင် ၇**

ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ဟုမ္မလင်းမြို့နယ်အတွင်းရှိ မူလတန်းကျောင်း၊ အလယ်တန်းကျောင်းခွဲနှင့် အလယ်တန်းကျောင်း ၁၇ ကျောင်းကို ခေတ္တပိတ်ထားရသလို ဟုမ္မလင်းမြို့နယ် ရပ်ကွက်နှင့်ကျေးရွာ ၁၁ ခုတွင် ရေဝင်ရောက်လျက်ရှိပြီး အိမ်ခြေ ခုနစ် အိမ်၊ အိမ်ထောင်စု ၃၈ စုမှ လူဦးရေ ၁၀၅၆ ဦးကို အေးသုခရပ်ကွက်သို့ ပို့ဆောင်ထားရကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရထံမှ သိရသည်။

ထို့အတူ ဇူလိုင် ၁ ရက်က မိုးရေချိန် ၁၄ ဒသမ ၁၃ လက်မအထိနှင့် နေ့စဉ်ရွာသွန်းနေသောဒဏ်ကြောင့် ခန္တီးမြို့နယ် ပေါမိုင်းမြို့ မဆင်သေရွာ စသည့်နေရာ ၁၃ ခုရှိ အိမ်ခြေ ၃၈၀ တွင် နေထိုင်သော လူဦးရေ ၁၆၆၇ ဦးအနက် အိမ်ခြေ ၁၁၅ အိမ်တွင် နေထိုင်ကြသောအိမ်ထောင်စု ၁၁၅ စုမှ လူဦးရေ ၅၃၉ ဦးအား ပေါမိုင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြသိန်းတန်စေတီ၊ လဟယ်ကုန်းမြင့်နှင့် ဆွေမျိုးနေအိမ်တို့တွင် ယာယီနေထိုင်လျက်ရှိကြောင်း သိရသည်။

ရေဝင်ရောက်မှုကြောင့် ခန္တီးမြို့နယ်အတွင်းမှ ပေါမိုင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ရေဘေးကြောင့် ပြောင်းရွှေ့သူ အိမ်ထောင်စု ၄၁ စုမှ လူဦးရေ ၂၁၉ ဦးကို တစ်ဦးလျှင် ဆန်ရိက္ခာ ကျပ် ၂၁၀၀နှုန်းဖြင့် ကျပ် ၄၅၉၉၀၀ ကို ပစ္စည်းငါးမျိုးနှင့်အတူ အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ခန္တီးခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လွယ်စေးကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်

**တန့်ယန်း ဇူလိုင် ၇**

ကျေးလက်နေပြည်သူများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှု လွှမ်းခြုံနိုင်စေရန်အတွက်နှင့် ကျေးလက်နေပြည်သူများလွယ်လင့်တကူဆေးကုသမှုခံယူနိုင်စေရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျေးလက်ကျန်းမာရေးဌာနခွဲများကို တိုးချဲ့ဆောင်ရွက်ပေးနေရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် လွယ်စေးကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက အဆိုပါအဆောက်အအုံ ရှေ့၌ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ဦးက ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဆောက်လုပ်နိုင်မှုနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး လွယ်စေးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အဆိုပါ လွယ်စေးကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ဦး၊ မြို့မိမြို့ဖ ဦးစိုင်းမြင့်ဆွေနှင့် ဦးစိုင်းရီထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ လွယ်စေးကျေးလက် ကျန်းမာရေးအဆောက်အအုံသစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေ ကျပ်သိန်း ၆၃၀ဖြင့် ယွန်းနှင့်သွန်းကုမ္ပဏီမှတာဝန်ယူကာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် မတ်လတွင် လုပ်ငန်းပြီးစီးခဲ့ပြီး စံချိန်ကိုက်အဆောက်အအုံဖြစ်ကာ ဆေးခန်းအဆောက်အအုံတစ်လုံးနှင့် ဝန်ထမ်းအိမ်ရာတစ်ဆောင်တို့ပါဝင်သည်။

ကျေးလက်ကျန်းမာရေး အဆောက်အအုံဆောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် လွယ်စေးကျေးရွာအုပ်စုအနီးနားရှိ ကျေးရွာပေါင်း ၁၄ ရွာမှ ကျေးလက်နေပြည်သူ သုံးထောင်ကျော်အား ကျန်းမာရေးနှင့် ပတ်သက်သည့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးသူငယ်များအားစောင့်ရှောက်မှုလုပ်ငန်းများအပြင် ငှက်ဖျား၊ တီဘီ၊ အနာကြီးစသည့်ကူးစက်ရောဂါများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ယင်လုံအိမ်သာ စီမံချက်အောင်မြင်ရေးတို့ကိုပါ ကျန်းမာရေးအသိပညာများ ဖြန့်ဝေဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**



# မြို့သန့်ရှင်းသာယာလှပရေး မြို့တွင်းလမ်းများအဆင့်မြှင့်တင်ဆောင်ရွက်

**တောင်တွင်းကြီး ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့တွင်းလမ်းများ ကောင်းမွန်ရေး၊ မြို့သန့်ရှင်းသာယာလှပစေရေး ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေး ရည်ရွယ်၍ မြို့တွင်းလမ်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများအား စက်ယန္တရားကြီးဖြင့်တူးဖော်ခြင်း၊ အုတ်မြောင်းတည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ ရက်က ပုဏ္ဏဝတီလမ်းဘေးရှိ ရေနုတ်မြောင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလုပ်ငန်းခွင်သို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ (AE) ဦးသိန်းထွန်းဦးနှင့်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ သတ်မှတ်စံနှုန်းနှင့်အညီ အချိန်မီပြီးစီးရေးမှာကြားခဲ့ကြောင်း သိရသည်။

**(၅၈၀)**

# မော်တော်ယာဉ်များကျော်တက်နိုင်ကြောင်း အချက်ပြမီး မှားယွင်းစွာအသုံးပြုမှုကို မှန်ကန်စွာအသုံးပြုနိုင်ရေး ပညာပေးဆွေးနွေး

**ပုလဲ ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပုလဲမြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက ပုလဲ - ဂန့်ဂေါ - ပခုက္ကူကားလမ်းဆုံ၌ မော်တော်ယာဉ်များ ကျော်တက်နိုင်ကြောင်း အချက်ပြမီး မှားယွင်းစွာအသုံးပြုမှုကို မှန်ကန်စွာ အသုံးပြုနိုင်ရေးအတွက် မော်တော်ယာဉ်မောင်းနှင်သူ ယာဉ်မောင်းများအား ပညာပေးဆွေးနွေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့မ ရဲစခန်းမှူး ဒု-ရဲမှူး မြင့်အောင်က မော်တော်ယာဉ်များ ကျော်တက်နိုင်ကြောင်းအချက်ပြမီး မှားယွင်းစွာ အသုံးပြုမှုကို မှန်ကန်စွာ အသုံးပြုနိုင်ရေးအတွက် မုံရွာ- ပုလဲ - ဂန့်ဂေါ - ပခုက္ကူကားလမ်းမှာ ဖြတ်သန်းမောင်းနှင်နေတဲ့ မော်တော်ယာဉ်များကို ရပ်တန့်စစ်ဆေးပြီး ယာဉ်မောင်းများကိုနောက်မှ ယာဉ်ကို ကျော်တက်နိုင်ကြောင်း မိမိယာဉ်၏ လက်ဝဲဘက်မီးဖြင့် အချက်ပြမှုသည် မှားယွင်းနေကြောင်း၊ လက်ယာဘက်မီးဖြင့် အချက်ပြရမည်ဖြစ်ကြောင်း။

မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ မီးအချက်ပြစနစ်အမှန်သို့ စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီမှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီ ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် ပညာပေးဆွေးနွေးခြင်းဖြစ်ကြောင်း၊ မော်တော်ယာဉ်များ ကျော်တက်နိုင်ကြောင်း အချက်ပြမီး မှားယွင်းစွာ အသုံးပြုမှုကို ပြုပြင်ဆောင်ရွက်ခြင်းမရှိပါက ပညာပေးကာလ ကုန်ဆုံးချိန်တွင် မော်တော်ယာဉ်ဥပဒေ ပုဒ်မ ၆၅ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးအရေးယူခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပုလဲမြို့မ ရဲစခန်းမှူး ဒုရဲမှူး မြင့်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် မုံရွာ - ပုလဲ - ဂန့်ဂေါ- ပခုက္ကူကားလမ်းတွင် ဖြတ်သန်းမောင်းနှင်နေသော မော်တော် ယာဉ် ၈၂ စီးကို ရပ်တန့်စစ်ဆေး၍ ယာဉ်မောင်းသူများအား ပညာပေးဆွေးနွေးခြင်း လုပ်ငန်းကို ဆောင်ရွက် ခဲ့ပြီး "နောက်ယာဉ်ကျော်တက် စေလိုကလက်ယာမီးဖြင့် အချက်ပြ "စာတန်းနှင့်"အမှားကြာလျှင် အမှန်ထင် အမြန်ပြင်စေချင်"စာတန်းများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# ကယားပြည်နယ်ရှိအခြေခံပညာကျောင်းများသို့ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်

**လွိုင်ကော် ဇူလိုင် ၇**
ကယားပြည်နယ်ရှိ အခြေခံပညာကျောင်းများသို့အားကစား ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၈ နာရီက အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက ယခုကဲ့သို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကယားပြည်နယ်ရှိ အခြေခံပညာကျောင်းများသို့ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကယားပြည်နယ်သည် အသေးငယ်ဆုံး ပြည်နယ်တစ်ခုဖြစ်သော်လည်း အားကစားတွင် အဆင့်မနိမ့်ကြောင်း၊ အားကစားနှင့် ပညာရေးပေါင်းစပ်၍ အားကစားလုပ်ငန်းများ ဆောင်ရွက်နိုင်ပါက ယခုထက် ပိုမိုတိုးတက် အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အားကစားပစ္စည်းများ ထောက်ပံ့ပေးခြင်းအား ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက အခြေခံပညာကျောင်းများအား အခြေခံ၍ School Sport မှတစ်ဆင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှုကို တစ်နိုင်ငံလုံး တစ်မျိုးသားလုံးစိတ်ပါဝင်စားစွာဖြင့် အဆင့်ဆင့် စည်းရုံးလှုံ့ဆော်ဆောင်ရွက်မည့် Mass Sport၊ ထိုမှတစ်ဆင့် Excellent Sport အဆင့်အထိ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ယခုနှစ်တွင် ASEAN School Sports Council သို့ အဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက်နိုင်ပြီဖြစ်၍ အသင်းဝင်နိုင်ငံအနေဖြင့် အာဆီယံကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်ရမည်ဖြစ်သလို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် အလှည့်ကျလက်ခံကျင်းပပေးရမည်ဖြစ်ပါကြောင်း၊ အားကစားထူးချွန်သော အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း တက္ကသိုလ်ဝင်တန်းအောင်မြင်လာပါက B.Sc Sport အားကစားအထူးပြုဘွဲ့ရရှိရေးအတွက် သက်ဆိုင်ရာ တက္ကသိုလ်များတွင် တက်ရောက် သင်ကြားနိုင်ယုံသာမက နိုင်ငံတကာ အားကစားတက္ကသိုလ်များတွင် မဟာဘွဲ့၊ ဒေါက်တာဘွဲ့များ ဆက်လက်သင်ကြားနိုင်ရေး လျာထားစီစဉ်ဆောင်ရွက်ထားပါကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့်ကာယပညာ သိပ္ပံ (လွိုင်ကော်) ကျောင်းအုပ်ကြီး ဦးကျော်စိုးမိုး၊ ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစောအယ်ဒိုဝါး၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းသည် အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) ကျောင်းသို့ ရောက်ရှိကာ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းဝင်းအတွင်းရှိ မှန်ဦးပြုလုပ်ထားရှိမှု အခြေအနေ၊ သင်တန်းသား သင်တန်းသူများ စာသင်ကြားနေမှု အခြေအနေနှင့် အိပ်ဆောင်၊ စားရိပ်သာနှင့် အားကစားကွင်းရုံများ တည်ဆောက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**



# အသေးစားအရင်းအနှီးချေးငွေနှင့် စက်ကိရိယာပေးအပ်ပွဲအခမ်းအနားကျင်းပ

**ထားဝယ် ဇူလိုင် ၇**
တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများအားအသေးစား အရင်းအနှီး ချေးငွေနှင့် စက်ကိရိယာပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး၌ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက တနင်္သာရီတိုင်းဒေသကြီးမြို့နယ် ၁၀ မြို့နယ်၊ ကျေးရွာ သမဝါယမအသင်း ၃၀၀ သင်းမှအသင်းသား ၃၁၀၈၉ ဦးသို့ အသေးစားအရင်းအနှီးချေးငွေကျပ် ၄၅၈၃ ဒသမ ၄၈၅ သန်းကို ထုတ်ချေးပေးမှာဖြစ်ပြီး စက်ကိရိယာ ၁၆၆ စီးအတွက် တန်ဖိုးကျပ် ၃၈၄ ဒသမ ၂၁၉ သန်းကိုလည်း အရစ်ကျငွေချေစနစ် Hire Purchase System ဖြင့် ရောင်းချပေးသွားမှာဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ အခက်အခဲတစ်စိတ်တစ်ဒေသကို ယနေ့ပြုလုပ်သော ချေးငွေထုတ်ချေးပေးခြင်း အခမ်းအနားက အထောက်အကူပြုနေလိမ့်မည်ဟု ယုံကြည်မိကြောင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က အသေးစား အရင်းအနှီးချေးငွေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှု ဗီဒီယိုဖိုင်အား ပြသသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက ထားဝယ်ခရိုင်အသေးစားချေးငွေကျပ် ၁၂၅၈ ဒသမ ၀၆၈ သန်း၊ မြိတ်ခရိုင်အသေးစားချေးငွေကျပ် ၂၄၁၀ ဒသမ ၈၄၅ သန်း၊ ကော့သောင်းခရိုင်အသေးစားချေးငွေကျပ် ၉၁၄ ဒသမ ၅၇၂ သန်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ စက်ကိရိယာ ၁၆၆ စီးအတွက် ပံ့ပိုးငွေကျပ် ၃၈၄ ဒသမ ၂၁၉ သန်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။

ဋ်ငင်းနောက်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက ပံ့ပိုးချေးငွေများ ပြန်လည်ပေးဆပ်ရာတွင် အစောဆုံး တာဝန်ကျေပွန်ဆုရရှိသော ပုလောမြို့နယ် သမဝါယမအသင်းစုလီမိတက်နှင့် သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းသားတောင်သူ လယ်သမားများ၊ သမဝါယမအသင်းသား အသင်းသူများက တိုင်းဒေသကြီးသမဝါယမဦးစီးဌာနရုံးတွင် ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာများအား ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး မှုခင်းပညာပေးပြခန်းယာဉ်သည် ဇူလိုင် ၄ ရက် နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်စျေးနှင့် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတို့၌ လှည့်လည်ပြသခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင်နှင့် တာဝန်ရှိသူများက အသိပညာပေးခြင်း၊ မှုခင်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ **(၁၁၈)**

# သဘာဝဘေးကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**လောင်းလုံး ဇူလိုင် ၇**
တနင်္သာရီတိုင်းဒေသကြီးသည် ကမ်းရိုးတန်းဒေသနေရာများဖြစ်၍ မုန်တိုင်းနှင့် ပင်လယ်ဒီရေကြီးခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ပင်လယ်ကမ်းခြေရှိကျေးရွာများ၌ နေထိုင်ကြသည့် ပြည်သူလူထုများ စုပေါင်း၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြို့နယ်သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့တို့ပူးပေါင်းကာ ဇူလိုင် ၆ ရက် နံနက် ၉ နာရီမှ ၁၀ နာရီခွဲထိ လောင်းလုံးမြို့နယ် ကျောက်ဆင်ကျေးရွာအုပ်စု သဘော့ဆိပ်ကျေးရွာ ကမ်းခြေ၌ သဘာဝဘေးအန္တရာယ် (မုန်တိုင်း) ကယ်ဆယ်ရေးလုပ်ငန်းများ ကျေးရွာသူရွာသားများနှင့် ကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်းဇာတ်တိုက်လေ့ကျင့်ကြသည်။



အဆိုပါ ဇာတ်တိုက်လေ့ကျင့်ရာတွင် မုန်တိုင်းဖြစ်ပေါ်လာပါက မိမိတို့၏ အရေးကြီးပစ္စည်းများကိုမိသားစုများစုစည်း၍ သတိရှိစွာနေထိုင်ကြရန်၊ လေကာနိုင်သော နေရာများသို့ ပြောင်းရွှေ့ကြရန် ရေပြင်ကယ်ဆယ်ရေးများ ကိုယ်ဝန်ဆောင်နှင့် အသက်ကြီး အဘိုးအဘွားများ၊ မသန်စွမ်းသူများအားဘေးလွတ်ရာနေရာသို့ ကယ်ဆယ်ကူညီခြင်းများပြုလုပ်၍ အရေးပေါ်စခန်းများဖွင့်လှစ်ပြီး လူနာများကို ဆေးကုသရေး ပြုစုပေးကြသည်။

ယင်းနောက် မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ချိုတို့က သဘာဘေးအန္တရာယ်များအကြောင်း ဟောပြောကြကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

# ပန်းတောင်းမြို့နယ်၌ အပ်ချုပ်စက်သင်တန်းဆင်း

**ပန်းတောင်း ဇူလိုင် ၇**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး သက်မွေးဝမ်းကျောင်းမှုပညာတတ်မြောက်ရေးတို့ကို ရည်ရွယ်၍ ပန်းတောင်းမြို့နယ် စွယ်တော်ကျေးရွာအုပ်စု၊ စွယ်တော်ကျေးရွာ အပ်ချုပ်စက်သင်တန်းအား ဖွင့်လှစ်သင်ကြားပေးပြီး ဇူလိုင် ၄ ရက် နံနက် ၉ နာရီက သင်တန်းဆင်းပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ပြည်ခရိုင် ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူ ၃၅ ဦးတို့ တက်ရောက်ခဲ့သည်။

**သူရအောင်(ပြည်)**

# ကြံခင်းမြို့နယ်၌ ဆိုင်ကယ်စက်ပြင်သင်တန်းဖွင့်

**ကြံခင်း ဇူလိုင် ၇**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရည်ရွယ်ချက် ရည်မှန်းချက်များထဲတွင် တစ်ခုဖြစ်သည့် ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး အသက်မွေးဝမ်းကျောင်းမှုပညာတတ်မြောက်ရေးတို့ကိုရည်ရွယ်၍ ဇူလိုင် ၅ ရက်က မြို့နယ် ကျေးလက်ဦးစီးဌာနရုံး၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်စက်ပြင်သင်တန်း(၁ / ၂၀၁၇) အား ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၃၅ ဦးတက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ ဇူလိုင် ၅ ရက်မှ ဇူလိုင် ၂၀ ရက်ထိသင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**မြတ်သူရိန်**

# လက်တွေ့အသုံးချဆေးနည်းတိုများ(၂၇)

ကြည်လွင်မြင့်(မုဒြာ)



**မေး။ ။ ဆရာခင်ဗျာ ကျွန်တော် မိုးမိပြီး အအေးမိပြီးဖျား ပါတယ်။ အဖျားသက်သာပြီးတဲ့နောက် နှာစေး၊ နှာပိတ် ဖြစ်ကျန်ခဲ့ပါတယ်။ အခု ရက်သတ္တပတ်ကျော်တော့ ခေါင်းကိုက်ရောဂါပါ နောက်ထပ်တိုးလာပါတယ်။ဆေးတွေလည်း မျိုးစုံသောက်ပါတယ်။ သက်သာအောင် ဘယ်လို ဆေးမျိုးသုံးရမယ်ဆိုတာကို လမ်းညွှန်ပေးစေလိုပါတယ်။**

ဖြေ။ ။ နှာစေး၊ နှာပိတ်ရောဂါဟာ ဦးခေါင်းငယ်ထိပ် အအေးမိတာကြောင့် ဖြစ်နိုင်ပါတယ်။ မိုးကျချိန်၊ နှင်းကျချိန်မှာ ဦးခေါင်း ခေါင်းဆောင်းမပါဘဲ အပြင်ထွက်သူတွေမှာ ဖြစ်လေ့ရှိပါတယ်။ အေးတဲ့ရာသီမှာ အပြင်ထွက်ရင် ငယ်ထိပ်ကို လုံစေတဲ့ ဦးထုပ်၊ ဦးခေါင်း၊ နားရွက်တို့ကို ဖုံးအုပ်နိုင်တဲ့ ဦးထုပ်မျိုးဆောင်းပြီး ကာကွယ်နိုင်ပါတယ်။ နှာစေး၊ နှာပိတ်ရာကနေ ခေါင်းကိုက်ရောဂါ ဖြစ်လာနိုင်တယ်။ အဲလိုဖြစ်ရင် သက်သာစေနိုင်တဲ့နည်းမှာ ကွမ်းရွက်ကို မီးအနည်းငယ်ပြပြီး ပြားစေ့အရွယ်လောက် အဝိုင်းကို နားထင်နှစ်ဖက်မှာ ကပ်ပေးပါ။ ပရုတ်ဆီကို ကြွေပန်းကန်လုံးမှာ သုတ်ပြီး ရေနွေးပူပူလောင်းထည့် နှာခေါင်းကို လက်နှစ်ဖက်နဲ့ အုပ်ပြီး အငွေ့ကို ရှူပေးပါ။ မြန်မာဆေးနည်း မှိုင်းရှူဆေး ရှူပေးရင် နှာစေး၊ နှာပိတ်၊ ခေါင်းကိုက်ရောဂါ အမြန်သက်သာစေနိုင်ပါတယ်။

မှိုင်းရှူဆေးနည်းမှာ -

| | | |
|---|---|---|
| ၁ | တြိကဋုတ်သုံးပါး (ငရုတ်၊ ပိတ်ချင်း၊ ချင်း) | ၃ ကျပ်သား (တစ်ကျပ်သားစီ) |
| ၂။ | မိဿလင် | ၁ ကျပ်သား |
| ၃။ | ရင်းပြား | ၁ ကျပ်သား |
| ၄။ | လက်ဖက်မြစ် | ၁ ကျပ်သား |
| ၅။ | ကန့်ချုပ်နီ | ၁ ကျပ်သား |
| ၆။ | နံ့သာဖြူ | ၁ ကျပ်သား |
| | (စုစုပေါင်းဆေးချိန် ၂၂ ကျပ်သား) | |

အထက်ပါဆေးတွေကို အမှုန့်ပြုလုပ်ပါ။ နံ့သာဖြူကို လွှစာမှုန့်လို အမှုန့်ကြမ်းထည့်ပါ။ စလောင်းဖုံးမှာ မီးခဲထည့်ပြီး ဆေးမှုန့်ကို ဖြူး၊ တက်လာတဲ့အငွေ့ကို ရှူပါ။ နှာခေါင်းပေါက်မှတစ်ဆင့် ငယ်ထိပ်ထိပေါက်အောင် နန္ဒင်းမှိုင်းရှူသကဲ့သို့ ရှူပေးပါ။ (ရှင်နာဂသိန်၏ ဆေးပညာ ဥပဒေသကျမ်းမှ ဆေးနည်းဖြစ်သည်။)

**မေး။ ။သမီး အိမ်ထောင်ကျတာ လေးနှစ် ရှိပါပြီ။ အသက် (၃၃) နှစ်ပါ။ အိမ်ထောင်စကျ ကျခြင်းက ကလေးမလိုချင်သေးတော့ Ecce 2 (အရေးပေါ်သန္ဓေတားဆေး) တွေ သောက်ခဲ့မိတယ်။ ဒါပေမယ့် ယခု ဘာဆေးမှ မသောက်တာ သုံးနှစ်ရှိပါပြီ။ သား သမီးလည်း တအားလိုချင်ပါတယ်။ ဆရာဝန်တွေနဲ့ ပြတော့လည်း ပြစ်ချက်မရှိဘူး၊ ရနိုင်ခြေရှိပါတယ်လို့ ပြောပါတယ်။ အခုထိတော့ မရသေးပါဘူး။ ဆရာ သမီးတို့ သားသမီး ရနိုင်ပါ့မလား။ ဆေးနည်းတွေရှိရင် ဖြေကြားပေးပါရှင့်။**

ဖြေ။ ။ရနိုင်ပါတယ်။ ဆေးဒဏ်က သုံးနှစ်ထိအောင် ခံရတတ်တယ်။ ဆေးအဆိပ်ပြေအောင် ကန်စွန်းရွက်ထောင်း အရည်ညှစ် သုံးဇွန်းစာကို ပျားရည်တစ်ဇွန်းနဲ့ စပ်၊ အစာမစားခင်သောက်ပါ။ တခြား ဆရာကြီးတွေကတော့ ကန်စွန်းရွက်အစိမ်း သတ္တုရည်ကို နွားနို့အစိမ်းရည်နဲ့ စပ်တိုက်ရင် နှစ်ကြာကလေးမရတဲ့ အမျိုးသမီး ကလေးရတယ်လို့ ပြောတယ်။ စမ်းကြည့်ပါ။ တစ်လလောက် ရက်ရှည်သောက်ဖို့တော့ လိုပါမယ်။

**မေး။ ။ဆရာခင်ဗျာ ခြေဖနောင့်နာတဲ့သူ၊ အရိုးအဆစ်နာတတ်တဲ့သူတွေဟာ မျှစ်နဲ့ မတည့်ဘူးဆိုတာ မှန်ပါသလား ခင်ဗျာ။ ကျွန်တော်က မျှစ်တအားကြိုက်တဲ့သူမို့ပါ။**

ဖြေ။ ။မှန်ပါတယ်။ လေပူထတဲ့အစာမို့ပါ။ မျှစ်ဟာ မြေကြီးအတွင်းကနေ ထွင်းဖောက်ထွက်လာတဲ့ အရာဖြစ်လို့ အတက်စာလို့ ယူဆပါတယ်။ ပထဝီကို ဖောက်ထွက်လို့ ဝါယောအားများတဲ့ လေစာလို့လည်း ယူဆပါတယ်။ လေးဖက်နာရှိသူတွေဟာ အစို့အညှောက်တွေနဲ့ မတည့်ပါ။ ပဲစေ့က အညှောက်ပေါက်လာတဲ့ ပဲပင်ပေါက်နဲ့ မတည့်သလို မျှစ်ကလည်း မြေကြီးထဲက ဝါးပင်အမြစ်ကနေ အညှောက်ပေါက်လာလို့ မတည့်ပါ။ အလွန်ကြိုက်လို့ စားချင်ရင် မျှစ်ကိုပြုတ်ရည် နှစ်ရည်လောက်သွန်ပစ်ပြီးမှ စားသုံးပါ။ တညင်းသီးအဆိပ်ကုန်အောင် ပြုတ်သလို မျှစ်ပြုတ်ရင် ထန်းလျက်ခဲ နှစ်ခဲ၊ သုံးခဲ ထည့်ပြုတ်တာဟာ မျှစ်အဆိပ်အတောက်ကင်းစေနိုင်တယ်လို့ မှတ်သားစေလိုပါတယ်။

**မေး။ ။ဆရာရှင့် ရဲယိုရွက်နဲ့ ငါးခူရောချက်စားတာကို ဓာတ်စာလို့ ပြောကြပါတယ်။ ဘယ်လို ရောဂါမျိုးအတွက် ဓာတ်စာအဖြစ် စားသုံးသင့်တယ်ဆိုတာကို သိလိုပါတယ်ရှင့်။**

